စိတ်ကူးချိုချိုအနုပညာ

ဆူးငှက်

# တစ်ဝက်မန်ကျည်းပင်

ဝတ္ထုတို ၅ ပုဒ်



စိတ်ကူးချိုချိုစာအုပ်

# တစ်ဝက်မန်ကျည်းပင်
# ဝတ္ထုတို ၅ ပုဒ်

ဆူးငှက်

ပထမအကြိမ်၊ ၂၀၁၉

တစ်ဝက်မန်ကျည်းပင် ဝတ္ထုတို ၅ ပုဒ်၊ ဆူးငှက်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၆၁ မျက်နှာ၊ ၁၂.၇ စင်တီ× ၁၇.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀


ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ



| | | |
|---|---|---|
| ၁။ | တစ်ဝက်မန်ကျည်းပင် | ၁ |
| ၂။ | မီးသင့်အသိုက် | ၁၅ |
| ၃။ | ဘဲငန်းကိစ္စ | ၂၃ |
| ၄။ | မတိုင်မီ | ၃၅ |
| ၅။ | ငါးတို့ပျော်ရာ တောင်သေလာ | ၄၆ |


❐



ဆုံးရှုံး
တစ်ဝက်မှန်ကျည်းပဉ





## တစ်ဝက်မန်ကျည်းပင်

သပြေပင် ကုက္ကိုတန်းကထွက်တော့ မွန်းတိမ်းရုံပဲ ရှိသေးသည်။ ဒါတောင် ကုက္ကိုတန်းမှာ နားနေကြတာက နာရီသုံးမတ်တင်းလောက် ကြာ၏။ ဘုတလင် ညောင်ပင်ဈေးဂိတ်မှ ဝယ်လာသော မုန့်တီကို ရွာမှ လှည်းကြိုများ ယူလာသည့် ထမင်းနှင့် ရောနယ်စားရတာ မြိန်လှသည်။ သပြေပင် ကုက္ကိုတန်းသည် လူတစ်ဖက်မကရှိသော အရိပ်ကောင်းလွန်းသည့် ကုက္ကိုပင်ကြီးပေါင်း အပင် (၂၀) ခန့် တန်းစီအုပ်မိုးနေ၍ နေပြောက်မထိုးဟုပင် ဆိုရမည်။ သည်အပင်တန်းကြီးအောက်မှာ အများသုံး ရေတွင်း ရှိသည်။ ထို့နောက် ကန်ပေါင်ရိုးမြင့်မြင့်နှင့် ရေကန်ကြီး ရှိသည်။ ရေကန်ကြီးဘေးမှာ ခြသေ့်မုခ်ဦး၊ အာရုံခံ ဇရပ်လေးနှင့် စေတီတစ်ဆူ။

ဟိုအရှေ့ဘက် တောင်ရိုးဆီက စီးဆင်းလာသော တောင်ကျချောင်းလေးသည် လျှိုတွေ၊ ချပ်တွေ၊ ယာခင်းတွေ၊ ကျောက်ကုန်းတွေကို ဖြတ်သန်းလာပြီးနောက် ဟောဒီ ကုက္ကိုပင်တန်းအောက်ရောက်တော့ ချောင်းသန္ဓေပျောက်ကာ သဲပြင်ကြီး ဖြစ်သွား၏။ ထို့ကြောင့် သည်နေရာကို သပြေပင်သဲတာဟုလည်း ခေါ်ကြသည်။

စင်စစ် တောင်ကျချောင်းဟု ခေါ်သော်လည်း အညာက ချောင်းများမို့ ရေမရှိ။ မိုးရွာမှသာ တောင်ကျရေ ဝါးလုံးထိုး စီးဆင်းသည့် ချောင်းခြောက် ဖြစ်သည်။ ထို့ကြောင့် သပြေပင်သဲတာမှာ ရေမရှိ။ မန္တလေးမှ မနက်အစောဆုံး ကားဦးနှင့် ထွက်လာသူက ဘုတလင်ကို အစောဆုံး ရောက်သည်။ နောက် ဆက်တိုက် ဆက်တိုက် ရောက်လာမည့်သူတွေ ရှိ၏။ သူတို့ သူတို့က နောက်ကားနှင့် ပါလာခြင်း ဖြစ်သည်။ ဆိုင်ရာဆိုင်ရာ လာကြိုကြသော ရွာလှည်းများက လေးငါးဆယ်စီးမက ရှိသည်။ ဘုတလင် စောလှဝင်း ဆီစက်ဝင်းထဲမှာ လှည်းချွတ်ထားကြ၏။ သည်တော့ ကားဦးနှင့် ပါလာပေမဲ့ နောက်ထပ် နာရီပိုင်းအတွင်း ရောက်လာဦးမည့်သူတွေကို စောင့်ချင်ကြသေးသည်။ လူစုံမှ အရှေ့ဆီ တစ်မျှော်တစ်ခေါ်ကြီး သွားရမည့် ခရီးကို ဆက်ကြမည်။ ထို့ကြောင့် နောက်လာမည့်သူများကို ဘုတလင် ကားဂိတ်နှင့် မဝေးသေးသော သပြေပင်သဲတာမှာ လှည်းချွတ်နားရင်း စောင့်ကြခြင်း ဖြစ်လေသည်။

နေလည်း နည်းနည်း အစောင်း၊ လူကလည်း အစုံ၊ ပျင်းရိငြီးငွေ့ဖွယ် ခရီးကြမ်းကြီးအား လှည်းတအိအိစီးရင်း ခရီးဆက်ရပေဦးအံ့။

* * *

လှည်းစာ ထိုးမထားသောကြောင့် လှည်းဘီးက တကျီကျီ မြည်နေသည်။ ပြုပြင်ခြင်းမရှိသော လှည်းလမ်းမို့ တစ်ခါတစ်ရံ ညာဘက်သို့ မှောက်လုမတတ် စောင်း၏။ တစ်ခါတစ်ရံ ဘယ်ဘက်သို့ ဝင်ရိုးနှင့်မြေကြီးထိအောင် စောင်း၏။ တစ်ခါတစ်ရံ ကန်သင်းမှ ဝုန်းခနဲ ပြုတ်ကျသည်။ တစ်ခါတစ်ရံ ချောင်းရိုးကို နွားတွေ အမြီးထောင်အောင် ရုန်းထွက်ရ၏။ တစ်ခါတစ်ရံ လှည်းလမ်းဘေးမှ ဆူးကိုင်းများက မျက်နှာဆီ ပြေးလာတတ်သေးသည်။ လှည်းလမ်းသည် သဲဆန်သော ကျောက်စရစ်မြေချည်းမို့ တအိအိ ရုန်းရသည်။ ခရီးကလည်း အတက်။

လှည်းလမ်းက ကြမ်းသလို အညာနေကလည်း ပူပြင်းလှ၏။ ကျနေချိန် ဖြစ်သော်လည်း ယောကျ်ားဘသား ပူနေချေသေးသည်။ ခရီးကကြမ်း၊ နေကပူသော်လည်း ကွဲကွာနေသည့် ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေသင်္ဂဟတွေနှင့် တွေ့ရသောကြောင့် ပျော်သည်။ စကားတွေ မကုန်နိုင်အောင် ပြောကြရသည်။ ဒါက 'နမူနာ' ရှိသေး။ လှည်းကြို လာသူတွေနှင့်သာ ရှိသေး။ ခရီးဆုံးပန်းတိုင် ရွာမှာက အိမ်ပေါက်စေ့ အမျိုးချည်း ဖြစ်၏။ တောင်ရပ်မှာ၊ မြောက်ရပ်မှာ၊ အရှေ့ကျင်းမှာ၊ အနောက်ကျင်းမှာ။

ထန်းရည်ချို သောက်ရင်း၊ မြေပဲလှော် ဝါးရင်း၊ ရွှေလသာသာ တလင်းပေါ်မှာ ချွတ်ထားသည့် လှည်းပေါ် နှစ်စပ်စောင် ခြုံရင်း၊ ဆွေ ဟောင်းမျိုးဟောင်းတွေနှင့် စကားတွေ အားရအောင် ပြောလိုက်မဟဲ့ ဆိုသော အာသီသဖြင့် သည်ခရီးကြမ်းကို ရောက်လာကြသူချည်း ဖြစ် သည်။ ပွဲအကြောင်း၊ ပဲအကြောင်း၊ နှမ်းအကြောင်း၊ ထန်းအကြောင်း၊ ကျောင်းအကြောင်း၊ ပြောင်းအကြောင်း။

အခုလို လှည်းပေါ်မှာပဲကို ကိုကြီးစံအောင်က တံဖျာတဝင့်ဝင့်နှင့် ရွာအကြောင်းကို နဘောထပ်ကာ ပြော၏။ ဦးကြီးအောင်သာက ပါးစပ်မှာ ဆေးတံခဲကာ တစ်ချက်တစ်ချက် ဝင်ထောက်သည်။ ထို့အတူ အရှေ့ လှည်းများဆီက လေးအောင်မောင်၊ ဖိုးလေးနီ၊ ဖိုးအောင်ကျော်တို့ အသံ ကို တစာစာ ကြားနေရ၏။

လမ်းက ကြမ်းလှသည်။ နေက ပူလှ၏။ ဖုန်လုံးတွေက တထောင်းထောင်း ထနေသည်။ ဆီးကိုင်းတစ်ကိုင်းက မျက်နှာနား ရှပ်လာချေသေး၏။ မနက် မလင်းမီကတည်းက တောက်လျှောက် ကား ကို စီးခဲ့ရ၍ ခေါင်းတွေ မူးနောက်နေတာ၊ အခုတော့ဖြင့် နေပူပေမဲ့ ပျောက်ခဲ့ရပြီ။ 'ရွာရောက်တော့မှာ' ဟူသော မျှော်လင့်ချက် ဆေးကြောင့်ပဲ

ဖြစ် သည်။ ကလေးဘဝမှာမို့ ခရီးထွက်ရလျှင် ပျော်တာကြောင့်လည်း ဖြစ်မည်။ မိသားစု တစ်စုလုံးသာမက ဆွေမျိုးသားချင်းများပါ တစ်စု တစ်ဝေး ပါလာသောကြောင့် ဖြစ်မည်။

ထိုစဉ်ကာလကတည်းက ကျွန်တော့်မှာဖြင့် ရွာပြန်ရမည် ကြားက တည်းက ပျော်၏။ ထိုအခါ ရွာက နွေအခါ အလှူကို မျှော်သည်။ ကျောင်းရေစက်ချကို မျှော်သည်။ ဘုရားထီးတင်ကို မျှော်သည်။ ထို့အတူ အဘ (ကျွန်တော်တို့နယ်က အဖေကို အဘဟု ခေါ်သည်။) ကလည်း နှစ်စဉ် ရွာပြန်ဖို့ လုံးပန်းသည်။ ပြန်ဖြစ်အောင်လည်း ပြန်သည်။ မြို့က ကတ္တရာလမ်းမှာ အရပ်တကာမှာ ထမ်းပိုးရောင်းချရင်း ကျွန်တော်တို့ တစ်တွေ လူလားမြောက်အောင် ပြုစုခဲ့ရသူ တစ်ယောက်အဖို့ ရွာသို့ တစ်နှစ်တစ်ခေါက် ပြန်၍ ရွာရေကိုသောက်၊ ရွာလေကို ရှူ၊ ရွာထမင်း ရွာဟင်းကိုစား၊ သားချင်းများနှင့် နောက်ချေးချရင်း ပေါင်းပေါက်ရင်း စကားတွေပြော။ ဤသို့ဖြင့် အဘသည် ဘဝအမောကို ဖြေခဲ့လေသည်။ ဤသို့ဖြင့် ရောက်တုန်းရောက်ခိုက် ဆရာသမားအရင်း ရွာဘုန်းကြီးထံ ဝတ်ဖြည့်သည်။ ဤသို့ဖြင့် အဘသည် ပေါင်းဟောင်းသင်းဟောင်းများ နှင့် နွားအကြောင်း ငြင်းခုံသည်။

ကျွန်တော်သည် ဤသို့သောအခါများ၌ အဘ၏ ပုဆိုးစကို ဆွဲကာ သွားလေရာ တကောက်ကောက် လိုက်၏။ တောင်ကျောင်းဘုန်း ကြီး ချကျွေးသော ပေါက်ပေါက်ဆုပ်များကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကိုက်ကာ စားရင်း အဘနှင့် ဘုန်းကြီးတို့ မမောနိုင်မပန်းနိုင် ပြောကြသော မယ် တော်ပျံအကြောင်း၊ ကျောင်းဦးသိမ်အကြောင်း၊ ကျောင်းမွေ့ယာ အကြောင်း၊ ဘုန်းကြီး ဦးမေဓာအကြောင်း သိရ၏။

အရီးမလှထွေး ကြော်ပေးသော ပဲပေါင်းကြော်ကို တကျွတ်ကျွတ် စားရင်း ဦးကြီးဘအေးနှင့် အဘတို့ပြောသည့် တောင်ရိုးမျှစ်အကြောင်း၊

သစ်ကျင်းကြီးက နွားအကြောင်း၊ ပန်းချင်းယာအကြောင်း သိရသည်။ ရွာတွင် အလည်အပတ် ရောက်နေသည့် ရက်များထဲမှ တချို့ရက်များသည် အဘနှင့် ဦးကြီးဘအေးတို့ လှည်းယဉ်ကလေးကို ကကာ နွားကောင်းတစ်ရှဉ်းနှင့်အတူ ရွာနှင့် မလှမ်းမကမ်းက ယာခင်းများဆီ သွားရောက်လည်ပတ်သော ရက်များ ဖြစ်၏။ ထိုအခါ ကျွန်တော်သည် လှည်းယဉ်ကလေး၏ လှည်းအိမ်ကျဉ်းကျဉ်းကလေးမှာ မရမက လိုက်သွားတတ်သည်။ ထိုခရီးကား အဘ၏ ငယ်မူပြန် ခရီးတည်း။ လှည်းယဉ်ကလေးကို အဘကိုယ်တိုင် ကိုင်သည်။ ဤသို့မောင်းရင်း အလှည့်က ဘယ်လို၊ အတိုင်က ဘယ်လို ဟူသော ကျွန်တော် နားမလည်သည့် နွားစကားများ ပြောတတ်ကြသည်။ ဤယာခင်းခရီးသည် တစ်ခါတစ်ရံ ဟိုးခပ်လှမ်းလှမ်း ပေါက်ဆိန်ပေါက်ရွာက ဘုန်းကြီးကျောင်းဆီအထိ အရောက်သွားတတ်လေတော့သည်။

ပေါက်ဆိန်ပေါက် ဘုန်းကြီးကျောင်းဆီ သွားပြီဆိုမှဖြင့် မန်ကျည်းအုပ်လမ်းက 'ချောင်းမင်းကွေ့' ယာကိုတော့ ဝင်ဖြစ်တတ်သည်။ တကယ်တော့ ချောင်းမင်းကွေ့ယာက ကျွန်တော်တို့ယာ ဖြစ်၏။

"ဒီယာက ဟောဒီနယ်မှာ အကောင်းဆုံးပဲကွာ။ မင်းနှယ် မြေကိုကြည့်စမ်း။ အခြားယာနဲ့တူတာ မဟုတ်ဘူး။ မင်းအဖေများ လက်ထက်ကတည်းက လုပ်လာတာပဲကွာ။ အခု ငါလုပ်နေတာ မင့်သားတော်မောင် တစ်သက်ရှိပြီ။ ဘာစိုက်စိုက် သူများထက်သာတာချည်း မောင်" ဟု ဦးကြီးဘအေးက အဘကို ပြောနေကျ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့ပိုင်သော ချောင်းမင်းကွေ့ယာမှာ ဦးကြီးဘအေးက လက်ရှိလုပ်နေသူ ဖြစ်ကြောင်း သိရ၏။

တကယ်တော့ ကျွန်တော့်အဘိုးဆုံးတော့ အဘရသည်မှာ ချောင်းမင်းကွေ့ယာ၊ ပန်းချင်းယာနှင့် ရွှေစအနည်းငယ်ပဲ ဖြစ်သည်။

ပန်းချင်းယာကတော့ သည်ယာလောက် မကောင်း။ အဘ၏ နှမတစ်ယောက်က ယူလုပ်နေသည်။ ချောင်းမင်းကွေ့ယာရောက်တော့ လှည်းလမ်းကနေ ယာခင်းထဲဝင်သော လှည်းလမ်းအတိုင်း ဖွဲ့ဝင်ရ၏။ အတော်ဝင်မိမှ ဟိုတောင်ဘက်ချောင်းစပ်က ယာတဲမှာ လှည်းချွတ်ရသည်။ ယာတဲမှာ သောက်ရေအိုးတစ်လုံး ရှိသည်။ ဝါးကွပ်ပျစ်လေး ရှိသည်။ ယာတဲဘေးမှာ သနပ်ပင်ကြီး ရှိသည်။ ထို့နောက် ဦးကြီးဘအေး မန္တလေးအလည်လာစဉ်က မျိုးယူသွားပြီး စိုက်ထားသော ဆီးပင် ရှိသည်။ ဆီးပင်ကို ဆူးစည်းရိုး ကာထားရသည်။ ယာခင်းက ဆယ်ဧကနီးပါးလောက် ကျယ်မှာပေါ့။

ယာခင်းရောက်ရင်ဖြင့် ဦးကြီးဘအေးက ကျောက်တုံးသုံးလုံးဖိုခုံလောက်ဆိုင်ထားသော မီးဖိုတွင် အနီးအပါးမှ ထင်းခြောက်များကောက်ပြီး မီးဖို၏။ တဲထဲက မြေရေနွေးအိုးမှာ သောက်ရေအိုးထဲကရေထည့်ပြီး ရေနွေးကျို၏။ တစ်ခါတစ်ရံ ချောင်းရိုးထဲ ဆင်းသွားတာတော်တော်နှင့် ပေါ်မလာ။ အဘနှင့် ကျွန်တော် ယာခင်းတစ်လျှောက်လှည့်ပတ်ကြည့်ပြီး ရေနွေးပွက်ပွက်ဆူချိန်မှ သတ္တုချိုင့် ပိန်ရှုံ့ရှုံ့လေးနှင့်မြေအိုးတစ်လုံးကိုဆွဲကာ ရောက်လာတတ်သည်။

"ကိုနီတာတို့ ထန်းတဲရောက်တော့ ပုတတ် မိထားတာ တွေ့တာနဲ့ ချောင်းရိုးက ခွေးတောက်ရွက်ခူးပြီး ချက်လာတာ မောင်။ ပင်ကျရည်တစ်လုံးလည်း ဆွဲလာခဲ့တယ်"

ဟု ပြော၏။ မြေအိုးထဲက အမြုပ်တစီစီနဲ့ ထန်းရည်ကို ယာတဲကသဘော်ဝါးကြမ်းစင်ပေါ်ရှိ အုန်းမှုတ်ခွက်များ ယူလာပြီး ခေါင်းပေါင်းစနှင့် သုတ်ကာ ငှဲ့ထည့်ပေးသည်။ ကျွန်တော့်ကိုလည်း အုန်းမှုတ်တစ်လုံးလှမ်းပေးရင်း–

"သောက်ကွ၊ ရဲကျော်ရ၊ တောဘိလပ်ရည်။ တောရောက်တော့ တောအလိုက်ပေါ့ကွာ"

ဟု ပြောတတ်သည်။ ထိုစဉ်က လတ်လတ်ဆတ်ဆတ် ပူပူနွေး နွေး ချက်ထားသော ပုတတ်နှင့် ခွေးတောက်ချက်ကို မစားဝံ့ခဲ့တာ ခုမှ တွေးတိုင်း တွေးတိုင်း နောင်တရနေမိတော့၏။ ဘာပဲပြောပြော ငယ်စဉ်က ရွာပြန်ခရီးမှာ အမှတ်ရနေဆုံးက 'ချောင်းမင်းကွေ့ယာ' ဆိုတာတော့ ပြောချင်ပါသည်။

* * *

ကျွန်တော် ရုံးက ပြန်လာတော့ အိမ်မှာ ရွာက ဦးကြီးဘအေး ရောက်နေ၏။ မတွေ့ရတာ လေးငါးခြောက်နှစ်ကြာတော့ ဦးကြီးဘအေး တော်တော်ကျနေတာ သတိထားမိသည်။

"ဟ… ရဲကျော်ကြီးရ၊ မင်းကလည်း ဒီလိုဒီလိုပါပဲလားကွာ။ အခု အလုပ်က ဘာလုပ်ရတာတုံးကွ။ ဘွဲ့ရပြီး မြို့ပိုင်ကလေး ဘာလေး မရဘူးလားကွာ" ဟု လှမ်းမေးသည်။ အဘက ပက်လက်ကုလားထိုင် ပေါ်မှနေ၍–

"ရောက်ကတည်းက မင်း မမြင်လို့ မေးနေတာကွ။ ငါက ညနေမှ ပြန်လာမှာလို့ ပြောထားရတာ" ဟု ကျွန်တော့်ကို ပြောသည်။

ကျွန်တော်က ဦးကြီးဘအေးဘေး ဝင်ထိုင်ရင်း–

"ဘယ်တုန်းက ရောက်တာလဲ၊ အလည်သက်သက်လား"

ဟု မေးသောအခါ–

"မဟုတ်ဘူးကွ။ ဦးပဥ္စင်းနဲ့ လိုက်လာတာ။ ပရိက္ခရာ လာဝယ် တာ။ 'တာမ' က ဒီနွေ လှူမလို့ကွ။ အဲဒါ မင်းတို့လာဖြစ်အောင် လာ ရမှာ"

ဟု ပြောသည်။ ကျွန်တော်နှင့် အဘက ရယ်နေမိကြ၏။

ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်တို့ ရွာမရောက်တာ ကြာပြီ။ ကြာဆို အတော်ကြာပြီဟုပင် ပြောမရလို ဖြစ်၏။ အရင်က

မန္တလေး၊ ဘုတလင်၊ လော်ကယ်ရထား ရှိခဲ့ဖူး၏။ မန္တလေးက မနက် ငါးနာရီလောက်ထွက်လျှင် ဘုတလင်သို့ နေ့လယ် ၁၁ နာရီလောက် ရောက်သည်။ ဘုတလင်က ခေါက်ပြန် ချက်ချင်း ပြန်ထွက်တာ မန္တလေး ကို ညနေခြောက်နာရီလောက်ဆို ရောက်သည်။ ဒီဇယ်ခေါင်းနှင့်မို့ အချိန်မှန်သည်။ နောက် သည်ရထား မရှိတော့။

သည်ရထားရှိတုန်းက ကားမူးတတ်သော အဘအဖို့ အဆင်ပြေ သည်။ ရထားမရှိသည့်နောက် ကားစီးဖို့ အဘမှာ အတော်ကြိုးစားရ သည်။ ကားစီးလျှင် မုံရွာမှာ တစ်ညနှစ်ညလောက် နားပြီးမှ ဘုတလင်သို့ ခရီးဆက်နိုင်၏။ ဤသို့ဖြင့် နှစ်စဉ် နွေခါဆို ရွာကို ရောက်နေကျက မရောက်ဖြစ်တော့ခြင်း ဖြစ်သည်။

"အေး... ငါက အခုပုံအတိုင်း နေကောင်းနေတယ်ဆိုရင် လာခဲ့ မယ်ကွာ။ မုံရွာ နှစ်ညလောက် နားပြီးမှ ကူးနိုင်မှာ။ ပြန်ချင်သေးတယ် မောင်ရာ။ ရွာရေလေးလည်း သောက်ချင်သေးတယ်။ ပဲထမင်းနဲ့ ဥသျှစ် ရွက်ချက်လေးလည်း စားချင်သေးတယ်။ မှတ်မှတ်ရရ အောင်ကျော် လှူကတည်းက မရောက်တာပဲကွာ" ဟု အဘက ပြောသည်။

"ကျွန်တော်လည်း ရုံးက ခွင့်ယူပြီး လိုက်ခဲ့မယ် ဦးကြီး"

ဟု ပြောရသေးသည်။ ဦးကြီးဘအေးက ရေနွေးကြမ်း တဖူးဖူး မှုတ်ရင်း ခေါင်းညိတ်သည်။ ခဏနေတော့ အမေက မီးဖိုထဲမှနေ၍–

"ကိုင်း... ကိုင်း... ကိုဘအေး ထမင်းစားရအောင်"

ဟု လှမ်းခေါ်သည်။ အဘကိုလည်း–

"တော်တို့ သားအဖပါ တစ်ခါတည်း ဝင်စားကြ" ဟု ပြောလိုက် ၏။

ကျွန်တော်ကတော့ ထမင်းစားဖို့ထက် သည်နှစ်နွေ ရွာပြန်ရင် ဟူသော အတွေးကဝင်နေကာ တစ်စုံတစ်ရာ စိတ်လှုပ်ရှားနေတော့သည်။

* * *

သည်နှစ်နွေလည်း ရွာသို့ ရောက်ခဲ့၏။ ဦးကြီးဘအေး၏ သမီး အလှူသို့လာခြင်း ဖြစ်၏။ ဒီတုန်းက အဘရော၊ အမေရော၊ အစ်မရော၊ ကျွန်တော်ရော ပါသည်။ အခုလို စုံစုံလင်လင် ရွာသို့ မပြန်ဖြစ်တာ ကြာတော့ ပျော်စရာကောင်းနေသည်။ ထူးထူးခြားခြား ပျော်သူက အဘပဲ ဖြစ်ပါလိမ့်မည်။ သူ့ရွာမို့ သူ့ပေါင်းဟောင်းသင်းဟောင်းတွေ တွေ့မည်။ သူ့ဆွေတွေမျိုးတွေ တွေ့မည်။ ထိုမျှမက လှည်းယဉ်ကလေး ကပြီး ရွာနားက ယာတွေဆီ၊ ပေါက်ဆိန်ပေါက်ကျောင်းဆီ အသားကျလေး မောင်းလိုမောင်း၊ ဒုန်းမောင်းလိုမောင်းနှင့် ငယ်မူပြန်ရမည် မဟုတ်လား။ ထို့အပြင် ဦးကြီးဘအေးနှင့် ချောင်းမင်းကွေ့ယာခင်းသို့ ဝင်ဦးမည် မဟုတ်လား။ ယာထဲမှာ ခွေးတောက်ရွက်နှင့် ပုတတ်နှင့် ချက်ကာ ထန်းရည်နှင့် မြည်းဦးမည် မဟုတ်လား။

ဟုတ်လည်း ဟုတ်ပါပြီ။ ထိုအတိုင်းပင် ဖြစ်ပါ၏။ သို့သော် ဒီတစ်ခါတော့ တခြားယာများကို လည်းကောင်း၊ ပေါက်ဆိန်ပေါက်ကျောင်းကို လည်းကောင်း မသွားဖြစ်ပါ။ 'ချောင်းမင်းကွေ့' ယာကိုပဲ သွားဖြစ်ပါသည်။ လှည်းယဉ်ကလေးနှင့် မဟုတ်ပါ။ ရိုးရိုးလှည်းနှင့်ပဲ ဖြစ်ပါသည်။ အဘက လှည်းမမောင်းပါ။ ထို့အတူ ဦးကြီးဘအေးလည်း မမောင်းပါ။ ဦးကြီးဘအေး သမက်က မောင်းပါသည်။ အဘ၊ ဦးကြီး ဘအေး၊ ကျွန်တော်နှင့် ဦးကြီးဘအေး သမက် ကိုဖိုးလုတို့ လေးယောက် 'ချောင်းမင်းကွေ့' ယာသို့ သွားကြခြင်း ဖြစ်ပါသည်။

တကယ်တော့ ငယ်ငယ်ကတည်းက 'ချောင်းမင်းကွေ့' ယာသို့ သွားခြင်းသည် အပျော်ခရီးထွက်ခြင်းချည်းသက်သက် ကြုံခဲ့ဖူးသော ကျွန်တော့်အဖို့မူ ယခုလို လောက်လောက်လားလားဖြစ်ပါမှ ဤယာခင်း သို့ အလုပ်သဘောဖြင့် ရောက်ခဲ့ရခြင်း ဖြစ်ကြောင်း ယာခင်းသို့ ဒုတ်ဒုတ် ထိရောက်ပါမှ သိရလေတော့သည်။

ယာခင်းရောက်၍ တဲမှာ လှည်းချွတ်၊ သနပ်ပင်ရိပ်မှာ နွားတွေချည်၊ မြေပဲရိုး တစ်ပွေ့ယူ၊ နွားတွေကျွေး၊ မီးဖိုမှာ မီးမွှေး၊ မြေကရားနှင့်ရေနွေးတည်ထားပြီးနောက် ကိုဖိုးလှက ဝါးကွပ်ပျစ်ရှိ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်သည်။ သိုင်းထားသော ပုဆိုးကို မပြီး ချွေးသုတ်၏။ ထို့နောက် အဘဘက် လှည့်ကာ–

"ဦးလေးကောင်းလည်း အားနာနာနဲ့ ပြောရဦးမယ်။ ဒီနှစ်တော့ ကျုပ် လှူတာတန်းတာနဲ့ ပန်းနေတာ။ အဲသာ နောက်နှစ်နွေမှာ ဦးလေးကောင်း ပြောသလို ဒီယာကိစ္စ ဖြတ်ပေးပါ့မယ်။ အဲသာ မနေ့ညက ဦးကြီးအေးနဲ့ မေးကြည့်တော့ ဦးလေးကောင်း ယူတာတွေ နုတ်လိုက်တာ ကျုပ်က သုံးထောင်ပေးရမှာ ကျန်တာပေါ့။ အဲဒါ နောက်နှစ်နွေအကုန် ပေးလိုက်ပါ့မယ်"

ဟု ပြော၏။

ကျွန်တော်က နားမလည်သလို အဘကို ကြည့်တော့ အဘက–

"ဒီလိုကွ ငါ့သားရ၊ ပွင့်ပွင့်လင်းလင်း ပြောကြစို့။ အဘက ဒီယာကို ကိုဘအေးဆီ ပေါင်ထားတာ ကြာပြီကွ။ မှတ်မှတ်ရရ မင်း ရှစ်တန်းနှစ်ကတည်းက။ ငွေကိုတော့ အဘနှစ်တိုင်း ရှာပြန်ပြီး ကိုဘအေးဆီက နည်းနည်းချင်းယူတာ။ မနှစ်ကတော့ မင်းသိတဲ့အတိုင်း အဘ ဆေးဖိုးလည်းကုန် ဆိုတော့ အပြတ်ရောင်းမယ်လို့ ကိုဘအေးကို လှမ်းမှာရတာ။ အဲဒါ အဘယူသုံးတာတွေနဲ့ ယာတန်ကြေး နှိမ်လိုက်တော့ သုံးထောင်ပဲ ကိုဘအေးက ပေးရမှာကွ။ အဲဒါ မောင်ဖိုးလှက နောက်နှစ်ယူဖို့ ပြောတာ"

ဟု ကျွန်တော့်ကို ရှင်းပြသည်။ တစ်ဆက်တည်းပင် ကိုဖိုးလှဘက် လှည့်၍–

"ရပါတယ်ကွာ။ ပြောရမယ့်လူမှတ်လို့။ မင်းလှူတာ တန်းတာလည်း အသိပဲ။ တို့က ပြန်ကျေးဇူးတင်ရမှာ"

ဟု ပြောသည်။

ကျွန်တော်သည် ဘာမှမပြောနိုင်အောင် အံ့သြရ၏။ သြော်... ငယ်ငယ်တုန်း ရွာပြန်ကတည်းက ဒီယာခင်းရောက်ရင် ငါတို့ယာဆိုပြီး ပျော်ခဲ့ရတာ။ အဲဒီကတည်းက ငါတို့ မပိုင်ခဲ့ပါလား ဟူသော အတွေးဖြင့် စိတ်မကောင်းခြင်း ဖြစ်ရ၏။ သို့သော် ဒီယာကပင် ကျွန်တော့်ကို ဘွဲ့တစ်ခု ရယူပေးခဲ့တာကို သတိထားမိပြန်တော့ ဝမ်းသာဝမ်းနည်း ဖြစ်ရသေးသည်။ ယာခင်းအနေအထားက ဘာမှ မပြောင်းလဲ။ ဆီးပင်နေရာမှာ တလင်းပြင် ဖြစ်သွားတာပဲ ပြောင်းလဲသည်။ ကျွန်တော်သည် ဝါးကွပ်ပျစ်မှ ထပြီး တဲပြင်ထွက်၏။ ထို့နောက် ထိုယာခင်းအစပ်ဆီသို့ လှမ်းမျှော်ကြည့်နေမိသည်။ တပေါင်းနွေမို့ တံလျှပ်တို့ တရိပ်ရိပ်ထကာ မြင်ကွင်းတွေက ဝေဝါးနေတော့၏။

* * *

မြင်ကွင်းတွေက ဝေဝါးနေတော့သည်။ လှည်းက ကန်သင်းရိုးမှ ဝုန်းခနဲ ကျသွား၏။ ကိုဖိုးလှက ကြိုးကိုကန်ဆွဲကာ စုတ်သပ်ရင်း နွားတွေကို ဆွဲနေသည်။ ကျွန်တော့်မျက်လုံးအိမ်မှ မျက်ရည်တွေ စီးကျလာသည်။ မျက်ရည်တွေကို လက်ကိုင်ပဝါ ထုတ်ကာ သုတ်လိုက်ရသည်။ မြင်ကွင်းက ရှင်းလင်းလာ၏။ မနှစ်က ရွာပြန်ရသလို ဒီနှစ်လည်း ဆက်တိုက်ပြန်ရသည်။ မနှစ်ကတော့ မိသားစု အစုံအလင်။ ဒီနှစ်မှာတော့ ကျွန်တော် တစ်ယောက်တည်း။ မနှစ်က ရွာမှ ဦးကြီးဘအေးတို့ အလှူက ပြန်လာပြီးနောက် မကြာခင်ပဲ အဘ ဆုံးသည်။ ထို့ကြောင့် ဟိုအရင့်အရင်နှစ်တွေ ကျွန်တော် ငယ်စဉ်တုန်းက အဘလုပ်ခဲ့သော အလုပ်များကို ဒီနှစ် ကျွန်တော် ရွာပြန်တော့ လုပ်ရချေပြီ။ ဦးကြီးဘအေးထံမှ ငွေယူခြင်း ပေတည်း။

အဘကတော့ ဒီကိစ္စကို သူသေမည့်နှစ်မှသာ မိသားစုကို အသိပေးခဲ့၏။ သူ အလုပ်လုပ်နေစဉ် ကာလတစ်လျှောက်လုံး ဣန္ဒြေမပျက်ခဲ့။ ဤသို့ဖြင့် နှစ်စဉ်နှစ်တိုင်း ရွာပြန်ဝတ္တရား မပျက်ခဲ့။ ဒီနှစ်မှာတော့ ကျွန်တော်ကိုယ်တိုင် ရွာပြန်ရပြီ။ လျှပ်စစ်မီးနှင့် နောက်ဆုံးပေါ် ကားတွေနှင့် ကတ္တရာလမ်းပေါ် ကြီးပြင်းကာ ဘွဲ့တစ်ခုပင် ရရှိပြီးသော မြို့ကြီးသား တစ်ယောက်သည် သေစာရင်စာသာ တတ်ပြီး ထယ်သွား၊ ထွန်ဆံ၊ ထွန်တုံးတွေနှင့်သာ ရင်းနှီးသော ဦးကြီးဘအေးနှင့် ကိုဖိုးလှတို့ထံမှ ငွေလာယူရသည်။ ထိုအခါ ကျွန်တော် ဣန္ဒြေမဆည်နိုင်။ မျက်ရည်ပေါက်ပေါက်ကျသည်အထိ စိတ်လှုပ်ရှား ဝမ်းနည်းမိချေသည်တကား။ လွယ်အိတ်လေးတစ်လုံးမျှသော ဝန်စည်စလယ်သည် ကျွန်တော့်အဖို့ အလွန်လေးပင်နေတော့၏။ ရင်ဝယ်ပိုက်ထားရသည်။ ဒီလွယ်အိတ်ထဲမှာ ကျွန်တော်တို့ရရှိမည့် အမွေအနှစ်၏ နောက်ဆုံးပိတ် လက်ကျန်ငွေ သုံးထောင်ပါသည်။ နောက်ဆုံးပိတ် မျှော်လင့်ခြင်းဟုလည်း ပြောနိုင်သည်။

ကိုဖိုးလှက တံဖျာဖြင့် အလှည့် နွားခါးကို ထိုးရင်း–

"ရှေ့က အုပ်အုပ်က တစ်ဝက် မန်ကျည်းပင်ပဲဗျ။ ဟောသည့်ခရီးမှာ ဒီမန်ကျည်းပင်ကြီးက လမ်းတစ်ဝက်မှာရှိလို့ တစ်ဝက် မန်ကျည်းပင်လို့ ခေါ်သဗျ"

ဟု ပြောသည်။ တစ်ဝက်မန်ကျည်းပင်ကို ကျွန်တော် သိပါသည်။ ဟောသည့်ခရီးမှာ သပြေပင်သဲတာကို သိသလို သိပါသည်။ သပြေပင်သဲတာက ခရီးအစ၏ အာဝါသ ဖြစ်၏။ ကန္တာရခရီး၏ အားမွေးစခန်း ဖြစ်၏။ ထို့အတူ တစ်ဝက်မန်ကျည်းပင်က ကန္တာရခရီး အလယ်ကောင်မှ ရပ်နားစခန်း ဖြစ်၏။ အပန်းဖြေရာ ဖြစ်၏။ ရှေ့တစ်ဝက်ခရီး၏ အားဖြည့်စခန်း ဖြစ်၏။ ခရီးသွားလှည်းတိုင်း နေပြောက်မထိုးသော ဟောဒီ မန်ကျည်းပင်ရိပ်ကြီးမှာ လှည်းချွတ်နားကြသည်။

မန်ကျည်းပင်စည်ကြီးက လူငါးယောက် ဖက်လို့မနိုင်။ မန်ကျည်းမြစ်ဆုံကြီးတွေက မြေကြီးကို အားစိုက်ထိုးခွဲနေသည်။ ကျောက်ကုန်းဘက်က ဆွဲယူထားသော အချို့အမြစ်ကြီးများကတော့ ရှန်းကန်ကုန်းရုန်းထနေ၏။ မန်ကျည်းပင်ကြီး၏ တစ်ဖက်မှာ သဲတွေ အပြည့်။ လှဲအိပ်ချင်စရာပင် ကောင်းသေးတော့သည်။

တကယ်တော့ တစ်ဝက် မန်ကျည်းပင်သည် အားဆေး ဖြစ်သည်။ ခရီး၏ လွန်မြောက်အောင်မြင်မှု မှတ်တိုင် ဖြစ်သည်။ အချိန်ဇယား ဖြစ်သည်။ သေချာမှု တစ်ခု ဖြစ်သည်။

ယခု ငွေသုံးထောင်သည် နောက်ဆုံး မျှော်လင့်ချက်ဟု သိရသော အခါ မျက်ရည်ကျရအောင် ဣန္ဒြေပျက်ခြင်းကပင် ကျွန်တော့်ဘဝ၏ မရေရာမှုများ ဖြစ်တော့သည်။ အသက်ကဖြင့် လူ့သက်တမ်းတစ်ဝက် ကျိုးပါပြီကော။

* * *

လှည်းက တစ်ဝက်မန်ကျည်းပင်မှာ သက်သာစွာ နားပြီး ခရီးဆက်သည်။ မကြာခင် ဘုတလင်ကားဂိတ် ရောက်မည်။

ဒါကတော့ သေချာသည်။

ပန်းဝေသီမဂ္ဂဇင်း၊ မေ၊ ၁၉၉၅။

❒


## မီးသင့်အသိုက်

မီးကျွမ်းနေသော တံခါးကျည်းပေါင် မည်းမည်းမှာ တွန့်လိမ်နေသည့် ပတ္တာများ တွယ်ကပ်နေသည်။ အရင်က မြောက်ဘက် ပြတင်းပေါက်များမှ ကြည့်လျှင် မြင်ရသည့် ဝင်းထရံများ။ နိမ့်မြင့် အိမ်ခေါင်မိုးများနေရာတွင် မီးလောင်တိုင် ငုတ်တို၊ မီးကျွမ်းအသား တိုးလိုးတွဲလဲ။ မီးသင့်အုတ်နံရံတို့သာ အချိုးမကျ၊ မလှမပ မြင်နေရသည်။ တံခါးမဲ့ မီးသင့်ပြတင်းပေါက် သံတိုင်များမှာတော့ မြက်ခြောက်ပင်လေးတွေ တင်ကျန်ရစ်နေသည်။

တကျိုကျို အသံပေးရင်း စာကလေး တစ်ကောင်သည် လျှာထိုးကြမ်းအောက် ထုပ်ကြားမှ ဆင်းလာ၏။ သံတိုင်ပေါ်က မြက်ပင်ကို နှုတ်သီးနှင့် ကောက်သည်။ ဖလပ် ဖလပ် အသံပေးကာ အားစိုက်ပျံပြီး ထုပ်နှင့် ကြမ်းကြားနေရာလွတ်မှာ နားသည်။ ချီလာသော မြက်ခြောက်ပင်ကို ချသည်။ ခေါင်းလေး ငဲ့ကာ ဟိုသည် ကြည့်သည်။ နှုတ်သီးကြားမှာ မြက်ခြောက်ပင် တစ်ထွေးကြီးနှင့် နောက်ထပ် စာကလေး တစ်ကောင်က

ချိုးငှက်

ဝမ်းသင့် အသိုက်



ဝှီးခနဲ ရောက်လာပြန်သည်။ မြက်ပင်တွေကို ထုပ်နှင့် ကြမ်းကြား နေရာ လွတ်လေးမှာ ချသည်။ ပြီးတော့ နှစ်ကောင်သား ပြတင်းဝက အပြင် ဘက် ပြန်ထွက်သွားကြသည်။ အတားအဆီးမဲ့ မီးလောင်ပြင်အား ဖြတ် သန်းလာသော လေရိုင်းတစ်ချက် အဟုန့်မှာ ထုပ်ကြားက မြက်ပင် တစ်ထွေးအောက်သို့ ကျလာသည်။ သမံတလင်းပေါ်မှာတော့ မြက် ခြောက်ပင်တွေ၊ အဝတ်စလေးတွေ၊ အမှိုက်ဖတ်လေးတွေ ပွစာတက်နေ ၏ ။

နွေနေသည် ပြင်းပြင်းပူ၏။ လေပြင်းဟုန့်လေတိုင်း မီးလောင်ငုတ် တိုများမှ ပြာများ ဖွေးဖွေးလွင့်သည်။ မီးလောင်ညှော်နံ့များကား အခုတော့ အားလုံး၏ နှာခေါင်းမှာ အသားကျနေလောက်ပြီ။ တုန်လှုပ်ချောက်ချား ဖွယ် မီးအန္တရာယ်ကြီးကို ပွတ်ကာသီကာ လွတ်မြောက်ပြီးသော်လည်း စိုးရွံ့ထိတ်လန့်မှုအရှိန်မှာ မသေသေးသောကြောင့် အိမ်မှ ခွာပြီး ဟိုဟို သည်သည်တောင်မှ မသွားဝံ့။

မီးလောင်သောနေ့က မိမိမှာ ဧည့်သည်တစ်ယောက်နှင့် အိမ်မှ နှစ်ပြခန့်ကွာသော လက်ဖက်ရည်ဆိုင်မှာ ရောက်နေသည်။ ရုတ်တရက် ဆူညံသံ၊ မီးလှန့်သံချောင်းသံနှင့်အတူ မိုးယံသို့ ထိုးတက်လာသော မီးခိုးလုံးကြီးများကို မြင်ရတော့ အိမ်ပြန်ပြေးကြသည်။ အိမ်ကို လှမ်းမြင် နေရချိန်တွင် မီးက အိမ်နောက်ဖေးရောက်နေပြီ။ အသက်ရှစ်ဆယ်အရွယ် အမေသည် အလည်ရောက်နေသော မြေးများ၊ မြစ်များကို လက်ဆွဲကာ ပြေးကြပြီ။ အိမ်နား မူကြိုကျောင်းက သားငယ်မှာ မျက်လုံးလေး ကလယ် ကလယ်နှင့် လွယ်အိတ်လေး ကောက်လွယ်ပြီး မအေ့ထဘီဆွဲကာ ဆုတောင်းရ ဘုရားတန်ဆောင်းထဲ တရှုတ်တိုက်ပါသွားပြီ။

နောက်ဖေးပေါက်မှ မီးခိုးလုံးတွေ လိမ့်ဝင်လာတော့ ယောက်ယက် ခတ်နေသော မိမိကိုကြည့်ကာ မိတ်ဆွေက 'ဘာသယ်မှာလဲ၊ ဘာသယ်

မှာလဲ' ဟု အော်မေးသည်။ မိမိက အပေါ်ထပ် ပြေးတက်သည်။ မီးညွန့်များက နောက်ဖေးအိမ်ကို ဝါးမျိုနေပြီ။ အပေါ်ထပ် အိပ်ခန်းရှိ ကင်မရာကို ထုတ်သည်။ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားပါသော စာရွက်စာတမ်း အိတ်ကို ယူသည်။ မိမိမှာ တစ်စုံတစ်ရာ ငွေကြေးအပိုမရှိ။ ရှိသမျှ ပိုက်ဆံလည်း မနက်ကတည်းက ဝတ်လက်စ အင်္ကျီအိတ်ထဲမှာ ထည့်ထားသည်။ အိမ်အောက် အပြေးအလွှား ဆင်းလာတော့ သူငယ်ချင်းတွေ၊ ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေတွေ တစ်စုကြီး အပြေးအလွှား ရောက်နေသည်။

"သယ်... သယ်... မြင်သမျှ သယ်"

ဟု အော်ပြီး ရှိရှိသမျှ ပစ္စည်းတွေ ဆွဲထုတ်ကြသည်။ အိမ်မှာ ကြီးကြီးမားမား၊ များများစားစား ပစ္စည်းဆို၍ စာအုပ်သေတ္တာ၊ စာအုပ်ဗီရို ကြီးများသာ ရှိသည်။ အားလုံးမှာ မတိုင်ပင်ရဘဲ စာအုပ်ဗီရိုကြီးများကို မ, ထုတ်ကြသည်။ အတွေ့အကြုံရှိသူတစ်ဦး သတိပေးမှ လျှပ်စစ်မီတာကို ဖြုတ်သူက ဖြုတ်သည်။

ဝုန်းခနဲ ပေါက်ကွဲသံကြီးများ ဆက်တိုက် ဆက်တိုက် ကြားရချိန်မှာ အိမ်ထဲက လူအားလုံး အပြင်ထွက်ပြေးကြရသည်။ တော်တော်နှင့် ပြန်မဝင်ရဲကြ။ မိမိမှာ လမ်းတစ်ဖက် ပလက်ဖောင်းပေါ် ပုံထားသော စာအုပ်ပုံကြီးနား ရပ်ပြီး စိတ်တည်ငြိမ်မှုရအောင် ထိန်းနေရသည်။

"အပေါ်ထပ်မှာ ဘာကျန်သေးလဲ၊ ဘာကျန်သေးလဲ"

ဟု မိတ်ဆွေများ အမေးကို–

"ဘာမှမကျန်ဘူး၊ တော်ပြီ တော်ပြီ"

ဟု အော်နေမိ၏။ မျက်နှာစိမ်း လူတချို့ ရောက်လာပြန်ပြီး–

"ဒီအိမ်က အဖိုးတန် ပစ္စည်းတွေတော့ မသယ်ဘဲ ဘာမှ အသုံးမကျတဲ့ စာအုပ်တွေပဲ သယ်ထားရသလား။ ဖယ်ကြ၊ ဖယ်ကြ၊ ဘာကျန်လဲ။ ဝင်သယ်မယ်၊ ဝင်သယ်မယ်"

ဟု အော်ဟစ်သည်။ မိမိနှင့် အပေါင်းအသင်းများက–

"အားလုံး သယ်ပြီးပြီ။ မကျန်ဘူး၊ မကျန်ဘူး"

ဟု ပြန်အော်ကာ အိမ်ထဲ ပြန်ဝင်ကြရသည်။

မီးသည် မြောက်ဘက် တံခါးများကို စိမ်ပြေနပြေ ဝါးမျိုသွားလေပြီတကား။

* * *

မီးသင့်ပြတင်းပေါက်များမှ လှမ်းကြည့်လိုက်တော့ အရင်က စာကလေးတွေ အသိုက်ဖွဲ့နေခဲ့ကြသည့် အိမ်ခေါင်မိုးများလည်း မရှိတော့။ လမ်းမဘေးက ဗာဒံပင်များလည်း မရှိတော့။ စာကလေးတွေ ခိုကိုးရာမဲ့ ဖြစ်နေကြပြီ။ သည်တော့ မိမိအိမ်အောက်ထပ် ကြမ်းခင်းနှင့် ထုပ်ကြားက လက်သုံးလုံးသာသာ နေရာလွတ်ကလေးမှာ အသိုက်လုပ်ဖို့ ကြိုးစားနေတာ သုံးလေးရက်လောက်မက ရှိပြီ။ အခုထိတော့ အသိုက် လုပ်ဖို့ မအောင်မြင်သေး။ သည်လက်သုံးလုံးလောက် နေရာလွတ် ကလေးမှာ မြက်ခြောက်ပင်ကလေးတွေ၊ အဝတ်စတွေ၊ အမှိုက်စလေးတွေ က နေရာမကျသေး။ လေအတိုက်မှာ မကြာမကြာ ပြုတ်ကျသည်။

သို့သော် စာကလေးက စိတ်မပျက် အားမလျှော့ဘဲ တစ်နေကုန် အသိုက်ပြန်ဆောက်ကြ၏။ မိမိမှာတော့ အိမ်က မချာဖြစ်သေးတာမို့ ပက်လက်ကုလားထိုင်မှာ တစ်နေကုန် ထိုင်ရင်း စာကလေးတွေ၏ ဇွဲကို ကသိုဏ်းရှုနေမိသည်။

အောက်က သမံတလင်းမှာ သူတို့အသိုက်က ပြုတ်ကျသော အမှိုက်တွေ လူမြင်မကောင်းအောင် ရှုပ်ပွနေပြီ။ သို့သော် မိမိမှာ စာကလေးတွေကို မခြောက်လှန့်ရက်။ ရှုပ်လွန်းမကရှုပ်မှသာ တံမြက်စည်းနှင့် ထရှင်းသည်။ ပြီးတော့ စာကလေးတွေ၏ အသိုက်ဆောက်ဖို့

ပစ္စည်းသယ် လူးလားခေါက်တုံ့ ခရီးကို ရင်တမမ ငေးရတော့သည်။ တစ်နေကုန် ဆိုပါတော့။ သည်လိုနဲ့ နောက်တစ်နေ့၊ နောက်တစ်နေ့။

* * *

နောက်တစ်နေ့...

ဘုရား၊ ဘုရား။ နောက်တစ်နေ့မှာ သူတို့ လာကြတော့မှာပါလား။ တကယ်တော့ သည်အိမ်ကို သူတို့ ရောင်းချင်နေတာ ကြာပြီ။ ဦးလေးနှင့် အဒေါ် မျက်နှာကြောင့် ယခုလောက်ထိ မိမိတို့ကို ထားခဲ့ခြင်း ဖြစ်သည်။ စပေါ်ငွေ တစ်ပြားတစ်ချပ်မှ မရဘဲ ဘာမဟုတ်သည့် လခငွေလေး မဖြစ်စလောက်နဲ့ နှစ်ရှည်လများ မိမိတို့ကို အငှားနေစေခဲ့သည် မဟုတ်ပါလား။ လွန်ခဲ့သည့် နှစ်နှစ်လောက်က ပွဲစားတစ်ယောက်၏ လာရောက် ဈေးဖြတ်မှုအပေါ် အံ့အားတသင့် ဝမ်းပါးခဲ့ကြသည်။ ပွဲစား၏ များပြားလှသည့် သိန်းဆယ်ဂဏန်း အရေအတွက်မှာလည်း ဝမ်းပါးချင်စရာ ကောင်းလှသည်။

"ဘာပဲပြောပြော ငါတို့ တစ်သက်ရှာတောင် ဒီလောက် ငွေပိုလျှံဖို့ဆိုတာ မလွယ်ဘူး မဟုတ်လား။ ဒါပေမဲ့ ငါ မရှိင်းပါဘူးကွာ။ ငါ အလုပ်လုပ်ဖြစ်တောင် မင်းတို့ နေရေးထိုင်ရေး ထည့်တွက်ပါ့မယ်"

ဟု မိမိကို နှစ်သိမ့်ခဲ့သည်။ ဟုတ်လည်း ဟုတ်သည်။ မြင်းခြံလို မြို့တစ်မြို့က ဆေးရိုးကုန်သည် တစ်ဦးအဖို့ သမ္မာအာဇီဝ ရှာဖွေခဲ့ကြသည့် ခနအင်အားသည် မန္တလေး၏ အပြောင်းအလဲမှ ထွက်ပေါ်လာသည့် မြေနှင့် အဆောက်အအုံ တန်ဖိုး ကိန်းဂဏန်းများကို အံ့အားသင့်စရာ ဖြစ်သင့်သည်။ ဒါပေမဲ့ ရိုးသားသော၊ အေးဆေးသော၊ မိရိုးဖလာကုန်သည်များပီပီ လက်ဝယ်ပစ္စည်းကို အလွယ်တကူ ထုခွဲဖို့ တွန့်ဆုတ်ခဲ့ကြသောကြောင့် မိမိတို့လည်း တည်တည်ငြိမ်ငြိမ် ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

အခုတော့ မီးဘေးလွတ်ပေမဲ့ မြောက်ဘက် တစ်ခြမ်းနီးပါး ပြန်လည်ပြင်ဆင်ရမည်။ ဝင်းထရံတွေ ကာရမည်။ လက်ရှိပေါက်ဈေးနှင့် တွက်ချက်ကြည့်လျှင်ပင် ကုန်ကျစရိတ်က ကနဦး ဝယ်ခဲ့သည့် မြေနှင့်အိမ်တန်ဖိုးလောက် ရှိနေပြီ။ သည်တော့ စဉ်းစားကြတော့မှာပေါ့။ ဆုံးဖြတ်ကြရတော့မှာပေါ့။

တစ်လောက သည်နေရာကို ဈေးဖြတ်ဖူးသည့် ပွဲစားလည်း မြင်းခြံလိုက်သွားသည်ဆိုတော့ တစ်စုံတစ်ရာ အဖြေရတော့မှာပေါ့။ ထိုအဖြေသည် မည်သို့ပင်ဖြစ်စေ မိမိတို့ ကံမကောင်းတော့မှာ သေချာသည်။

မီးလန့်ခဲ့ဖူးသော အရှိန်ကြောင့် လည်းကောင်း၊ လူပ်ရှားရင်ခုန်နေသော သောကကြောင့် လည်းကောင်း၊ ထိုညက ကောင်းကောင်း အိပ်မပျော်ဘဲ နောက်တစ်နေ့ မိုးလင်းခဲ့ရတော့သည်။

* * *

နေသားမကျသေးသော စာအုပ်ဗီရိုများ၊ စားပွဲများ၊ ခုတင်များကအစ အိုးခွက်ပန်းကန်များပါ နေရာတကျ ပြန်လည်စီစဉ်ထားဖို့ စိတ်တောင် မကူးဝံ့သေး။ လွတ်သည့်နေရာမှာထိုင်၊ လွတ်သည့်နေရာမှာအိပ်၊ လွတ်သည့်နေရာမှာ စားနှင့် အားလုံးမှာ လေးကန်ဖင့်နွဲ့နေသည်။ ဇနီးသည်က...

"ကဲ... ဧည့်သည်တွေလာရင် လူမြင်ကောင်းအောင် နည်းနည်းရွှေ့ဦးမှ" ဟု ဆိုကာ တချို့ပစ္စည်းတွေ အိပ်ခန်းထဲသွင်းသည်။ သေတ္တာတွေ ဆင့်သည်။ ခုတင်တွေ ကပ်သည်။ ခုံတွေ စီသည်။ စာအုပ်တွေ ရှင်းသည်။ အခုတော့ ကြည့်ပျော်ရှုပျော် ဖြစ်သွားသည်။ ဒါပေမဲ့ ဧည့်သည်တွေ ထိုင်မည့် ဆက်တီနားက သမံတလင်းပေါ်မှာ မြက်ခြောက်

တွေ၊ အမှိုက်စတွေ၊ အဝတ်စလေးတွေ မြင်မကောင်း ဖြစ်နေတာ မမြင်ချင် ယောင်ဆောင်ပြီး ဘယ်သူမှ မရှင်းလင်းကြ။ စာကလေးတွေ တကျိုကျို အသံပေး၊ တဝိုးဝိုး ပျံသန်းကာ မြက်ပင်တွေ တစ်ထွေးပြီးတစ်ထွေး သယ်ပြီး ကြမ်းနှင့် ထုပ်တန်းကြား သွင်းသည်။ တစ်ထွေးပြီးတစ်ထွေး အောက်ပြုတ်ကျသည်။ ထပ်သယ်ကြသည်။ ထပ်ဆောက်ကြသည်။

မိမိက နာရီ လှမ်းကြည့်သည်။ မြင်းခြံက မနက်အစော ထွက်လာ ရင် ဒီအချိန်ရောက်နိုင်ပြီ ဟူသော အသိကြောင့် ဒိန်းခနဲ ရင်ခုန်လာ သည်။ နာရီလှမ်းကြည့်သော မိမိမျက်နှာကို ဇနီးသည်က သဘောပေါက် ဟန် တူ၏။ တံမြက်စည်းရှည်ကို လှမ်းယူသည်။ ထုပ်ကြားက အသိုက် ဆီ ရွေ့သည်။ မိမိက သူ့လက် လှမ်းဆွဲလိုက်သည်။ စာကလေးတွေ အသိုက်ထဲက လန့်ပြေးသည်။

အိမ်ရှေ့မှာ ကားတစ်စီး ရပ်သံ ကြားရသည်။ မိမိက အိမ်ရှေ့ လှမ်းကြည့်ပြီးတော့ 'ဟော' ဟု အလန့်တကြား အသံထွက်သွားသည်။


ဇနီးသည်က ကြမ်းနှင့်ထုပ်ကြား အသိုက်များကို တံမြက်စည်းနှင့် ထိုးချလိုက်သည်။ မြက်ပင်တွေ ချီလာသော စာကလေးတွေ လန့်ပျံ ပြေးကြသည်။ အသိုက်တွေ တစ်ထွေးကြီး ကျလာ၏။

ကားတံခါးတွေ ပိတ်သံ ကြားရသည်။

ပြုတ်ကျလာသော အသိုက်ထဲက စာဥကလေး တစ်လုံး သမံ တလင်းမှာ ကွဲသွားသည်။ ,

မြားနတ်မောင်မဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၄။

❒




## ဘဲငန်းကိစ္စ

သူ့နာမည်ကို ဘယ်သူမှ မသိကြတော့ ကောင်လေးလို့ပဲ ခေါ်ကြတယ်။

ကောင်လေးကို ဒီနေ့ တွေ့လိုက်ရတော့ ကိုင်နေကျ ဘုတ်အုပ်ရှည်ကြီးနဲ့ပါ။ ဒါပေမဲ့ လွယ်နေကျ မဟုတ်တဲ့ လွယ်အိတ်လေးကို လွယ်ထားပြန်တော့ သွားလေသူ လွယ်အိတ်ပိုင်ရှင်ဟောင်း တစ်ယောက်ကို သတိရမိကြတာပေါ့။

ဒီကတည်းက ကောင်လေး အရင်အမူအရာမျိုး မဟုတ်တော့တာ အမှန်။ ပိုင်ရှင်မရှိတဲ့ လွယ်အိတ်လေး လွယ်ခွင့်ရတာ။ အဲ... ပိုင်ဆိုင်ခွင့်ရတာကလည်း ဘယ်ဥပဒေ၊ ဘယ်စည်းမျဉ်း၊ ဘယ်လုပ်ထုံးလုပ်နည်းကြောင့်ဆိုတာ ဘယ်သူမှ လက်ပေါက်ကတ် မစဉ်းစားမိကြတာလည်း အမှန်။

ဒါပေမဲ့ အဲလို မစဉ်းစားမိကြတာ၊ အလေးအနက် မထားမိကြတာက ပရဟိတစိတ် ခေါင်းပါးမှုမျိုး၊ ပြဿနာမရှာလိုခြင်းမျိုး မဟုတ်ပေမဲ့


ထူးငှက်
ဘဲငန်းကိစ္စ
၄

ကောင်လေးအပေါ်ရော၊ လွယ်အိတ်ပိုင်ရှင်ယောင်းလေးပေါ်ရော ကရုဏာသက်မှုမျိုး၊ ချစ်ခင်မှုမျိုးကြောင့်လို့လည်း ပြောနိုင်ပါတယ်။ ဘာပဲပြောပြော သချာတာက သူတို့အလုပ်နဲ့ ပတ်သက်ပြီး စိတ်မဝင်စားတာ၊ မစွက်ဖက်လိုတာကြောင့်က အများစုရဲ့ ဆန္ဒပါ။

ကောင်လေးက ဘုတ်အုပ်ရှည်ကြီးသာမက လွယ်အိတ်လေးပါ လွယ်ခွင့်ရတာအပေါ် ထူးခြားစွာ မခံစားကြပေမဲ့ အသံလေး စွာလာ၊ ခေါင်းလေး မော့လာတာကိုတော့ အားလုံး သတိထားမိကြမှာပေါ့။ ဟော... ကောင်လေးနဲ့ ပတ်သက်ပြီး ဒီနေ့မှ အားလုံးက တညီတညွတ်တည်း သတိထားမိတဲ့ ထူးခြားချက်က–

အိမ်ထောင်စုစာရင်းမှာ သူ့နာမည် ဘယ်သူ၊ ဘယ်ဝါ ဆိုတာစာရင်းပေါက်နေမှန်း ဘယ်သူမှ မသိကြပါဘူး။ ရပ်ကွက်လေး အနောက်ဖျားက မိကျောင်းတံတားထိပ်က တဲကလေးမှာ အဖော်ဆိုလို့ ငန်းကြီးတစ်ကောင်နဲ့သာနေသူမို့ ရပ်ကွက်ထဲက သူ့ကို နှုတ်ကျိုးနေတာကဘဲကြီးတဲ့။

ရပ်ကွက်ထဲမှာ ရပ်ကွက်လူကြီး ဘယ်သူလဲဆိုတာ မသိသူ ရှိပေမဲ့ ဘဲကြီးဆိုရင် ကလေးပေါက်စနကအစ သိကြပါတယ်။ အဖော်ဆိုလို့ ငန်းတစ်ကောင်သာရှိပြီး ရပ်ကွက်ထဲမှာလည်း ဆွေမျိုးမရှိတာ သေချာတယ်။ ပြီးတော့ ရပ်ဝေးကလည်း ဘယ်ဆွေမျိုးမှ လာပုံမပေါ်တော့ တစ်ကောင်ကြွက်နေမှာပေါ့။ ဒီလိုပဲ တဲတစ်လုံး၊ ငန်းတစ်ကောင်နဲ့ တစ်ကိုယ်တည်းနေတာ အတော်ကြာပြီ။

မန္တလေးမီးကြီး မလောင်ခင်တုန်းကတော့ အာဇာနည်လမ်းပေါ်က ဘဏ်တိုက်ကြီးနဲ့ မျက်နှာချင်းဆိုင်က တရုတ်ခြေနင်းဆိုင်မှာ ဘဲကြီး အလုပ်လုပ်တယ်။ ခြေနင်းတွေ ချုပ်တာပေါ့။ မီးမလောင်ခင်ကလေး ပိုင်ရှင်တရုတ်ကြီးဆုံးလို့ လုပ်ငန်းအရပ်မှာ အလုပ်သမားတွေလည်း

လျော်ကြေးလေးတွေ ကိုယ်စီ ရကြပါတယ်။ အဲသည်တုန်းက ဘဲကြီးလည်း လျော်ကြေးငွေလေး ကိုးရာ၊ တစ်ထောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ၊ လူတကာနဲ့ လုပ်ငန်းကိုင်ငန်း တိုင်ပင်နေရတဲ့အချိန်ပေ့ါ။

အရပ်ထဲမှာ လည်လည်ဝယ်ဝယ်ရှိတဲ့ ကိုထွန်းကြွယ်ကို ရုံတော်ကြီးက ထိုင်စိန်ကဖေး ခေါ်ပြီး လက်ဖက်ရည် တိုက်ဟယ်၊ ပေါက်စီကျွေးဟယ်နဲ့ အလုပ်အတွက် အကြံဉာဏ်တောင်းတဲ့ ကိစ္စလည်း အရပ်ထဲမှာ ဟိုးလေးတကျော်ဖြစ်လို့။ ကိုထွန်းကြွယ်က လက်ဖက်ရည်လေးကျိုက်လိုက်၊ မြင်းညိုလေး ဖွာလိုက်နဲ့၊ "အင်း... လားရှိုးလိုင်းလိုက်ရင်ကောင်းမယ်" လို့ အဆိုတစ်ခု တင်ပြန်၊ "ကျုပ် မျက်နှာမထားတတ်တာနဲ့ ရှာဖွေရေးက ထူးရာစရာလိုမှာ မဟုတ်ဘူးဗျာ" လို့ ဘဲကြီးက ပယ်ချလိုက်။ "ဒါဖြင့် အုံနာရှာပြီး ဆိုက်ကား နင်းရင်ကောဗျာ" လို့ ပြောပြန်တော့ "ကျုပ်အား ကျုပ်အင်နဲ့ဆို ရိုးကုမ္ပဏီအတက်မှာ ဖြစ်မယ် မထင်ဘူး" ဆိုပြီး ငြင်းလိုက်ဆိုတော့ ကိုထွန်းကြွယ်လည်း 'ဒါဖြင့် ခင်ဗျားလည်း လက်စလက်နရှိတာပဲ။ ဖိနပ်အဟောင်းပြင်ပါလား။ ဝါးတန်းက ဆိုင်လေးတွေ အလုပ်ဖြစ်လိုက်ကြတာဗျာ' လို့ နောက်ဆုံးပိတ် လက်ကျန်အကြံလေးပေးဆိုကိုး။

ဘဲကြီးလည်း တွေသွားပြီး လက်ဖက်ရည်လေး ငုံလိုက်၊ ဆေးလိပ်ကလေး မဖွာတတ် ဖွာတထ် ဖွာလိုက်နဲ့၊ အတော်လေး ကြာမှ–

"အင်း... မဆိုးပါဘူး"

ဆိုတဲ့ အသံလေး မထွက်ချင် ထွက်ချင် ထွက်တာကလား။ ကြာတော့ ကိုထွန်းကြွယ်လည်း စိတ်တိုလာတယ်။ အေးနေတဲ့ ရေနွေးကြမ်း တစ်ခွက်ကို ငွပ်ခနဲ သောက်ချပြီး–

"ဒီခေတ်ကြီးထဲ ခင်ဗျားဟာက အခုလို အလုပ်ဇီဇာကြောင်နေမှ

တော့ လောကကြီးမှာ အသုံးမများပါဘူးဗျာ။ ဘုန်းဘုရားနား ခေါင်းတုံးထားပြီး အရိုးထုတ်ပေရော့”

လို့ ပြောပြီး လက်ဖက်ရည်ဆိုင်က စိုက်စိုက်၊ စိုက်စိုက်နဲ့ ဆင်းသွားရောတဲ့။ ဘာပြောကောင်းမလဲ၊ ဘဲကြီးလည်း စိတ်ဆိုးပြီး ကိုထွန်းကြွယ်ကို စကားမပြောတာ နှစ်ပေါက်ရော။ အဲလိုလူ။

နောက်ဆုံးတော့ မတတ်သာတဲ့အဆုံး အိမ်တော်ရာဘုရား အရှေ့ပေါက်မှာ ဘဲကြီး ဖိနပ်အဟောင်းပြင်ဆိုင်လေး ဖွင့်ပါတယ်။ ဟုတ်တယ်လေ၊ ဒါပဲ လုပ်တတ်တာကိုး။ ဘာပဲပြောပြော ရပ်ကွက်ထဲမှာတော့ ဘဲကြီး ဣန္ဒြေရပြီး အလုပ်လေး တည်တည်တံ့တံ့နဲ့ဆိုတော့ ဝမ်းသာကြတာပေါ့။ သူ ဆိုင်ဖွင့်လို့ သုံးလေးရက်နေတော့ ရပ်ကွက်ထဲက သူ့အပေါင်းအသင်း တချို့ ဒက္ခိဏဝန် ကျောင်းတိုက်ထဲက ဖြတ်ပြီး ဘုရားအရှေ့ပေါက်က သူ့ဖိနပ်အဟောင်းပြင်ဆိုင်လေးဆီ အလည်သွားကြသတဲ့။ ဆိုင်ကလေးရောက်တော့ ကတ္တီပါ သည်းကြိုးလေးတွေ၊ ကွန်ပို သည်းကြိုးလေးတွေ၊ စိန်တံဆိပ် ဆေးနက်သုတ်ထားတဲ့ ဖိနပ်ဟောင်းလေးတွေ စီကာစဉ်ကာနဲ့ ကတ်ကြေး၊ ညှပ်တူ၊ သံနုတ်၊ လိုးဓား၊ သံခုံ ပစ္စည်းတွေ အပြည့်အစုံနဲ့ သိုက်သိုက်ဝန်းဝန်းမို့ အကဲခတ်သူတွေ ဝမ်းသာကြတာပေါ့။ ဒီတော့မှ ကိုယ့်လူကြီး အားပေးဦးမဟ ဆိုပြီး ကြည့်လိုက်မှ လားလား... ဘဲကြီးက ဆိုင်မှာမရှိဘူး။ ဒါနဲ့ တောင်တောင်မြောက်မြောက် လှည့်ကြည့်လိုက်မှ ဆိုင်ကလေးရဲ့ မြောက်နား တော်တော်လှမ်းလှမ်းက ညောင်ပင်အောက်မှာ ထန်းလက် ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ကိုယ်တော်ချောက တခေါခေါ အိပ်လို့။ သွားနှိုးကြပြီး–

“ခင်ဗျား ဆိုင်ကို ပစ်ထားရသလားဗျာ၊ မသကာ ညှပ်တူတစ်ချောင်း ပါသွားရင်ကို တစ်ရာနီးပါး တန်တာ မဟုတ်လား”

လို့ အပြစ်တင်ကြတော့–

"ဆိုင်ထိုင်ရမှာ ရှက်တယ်" တဲ့လေ။

မကြာပါဘူး၊ နောက်တစ်ပတ်လောက်မှာပဲ သူ့ဆိုင်ကလေး ဖြုတ်ပစ်လိုက်တယ်။ ရပ်ကွက်ထဲကတော့ ဘဲကြီး ဘာများ လုပ်ဦးမလဲဆိုတာ စိတ်ဝင်စားကြတာပေါ့။ ဟုတ်တယ်လေ၊ သူ့ဆိုင်လေးက အလုပ်ဖြစ်တာပဲ ဥစ္စာ။ လောလောဆယ်တော့ သူ ဘာတွေလုပ်နေမှန်း ဘယ်သူမှ မသိကြပါဘူး။ ဒါပေမဲ့ ရပ်ကွက်ထဲလည်း မမြင်မိဘူး။ ခရီး ထွက်သွားတာလည်း မဟုတ်ဘူး။ ညတိုင်း သူ့တဲလေးထဲ မီးရောင်လေး မြင်ပြီး သူ့ငန်းကြီးရဲ့ တဂီးဂီးအသံ ကြားနေရသား မဟုတ်လား။

ဒါပေမဲ့ တစ်နေ့တော့ အဖြေပေါ်တာပါပဲ။ ရပ်ကွက်ထဲက ပြန်ကြားရေး တာဝန်ခံတွေနဲ့မှ သွားတိုးတာကိုး။ ဘယ်သူရှိမလဲ၊ မြောက်နားတန်းလျားအဖွဲ့ပေါ့။ မြစ်ဆိပ်ဆင်း အဝတ်ဖွပ်၊ ချမ်းသာရ တံတားဖြတ်ပြီးအပြန် ချမ်းသာရဘုရားထဲ အနောက်ဘက် သူအို၊ သူနာ အာရုံခံထဲမှာ ဘဲကြီးကို နို့အေးချောင်းပုံး တစ်ပုံး၊ ဆယ့်သုံးလေးနှစ်အရွယ် ကောင်လေးတစ်ယောက်နဲ့အတူ ပိုက်ဆံတွေ ရေနေတုန်း တွေ့ကြတာပေါ့။ ပြန်ကြားရေး တာဝန်ခံတွေကလည်း သတင်းထိမ်ချန်ခြင်းမရှိဘဲ ထုတ်ပြန်ပါရောလား။ သက်သေအဖြစ် ဘဲကြီးကျွေးလိုက်လို့ သံပရာပေါင်းတစ်ထုပ်ကုန်အောင် စားခဲ့တဲ့ မကောက်ရဲ့ ကလေး ချွဲကျပ်နေတာတဲ့။

ဆိုပါတော့၊ အဲဒီနေ့ နောက်နေ့ရက်တွေကစပြီး ဘဲကြီးလည်း သိမှတော့ မထူးဘူးဆိုပြီး သူ့စျေးကွက်နယ်ပယ်ကို ရပ်ကွက်ထဲထိ ချဲ့လာတာကိုး။ တကယ့်ဘဲကြီးပါဗျာ။ ရေခဲချောင်းရောင်းတာ ရေခဲပုံး မလွယ်ရဲလို့ ခုနကောင်လေးကို တစ်နေ့ငါးကျပ်ပေးပြီး ကိုယ်တော်က ကောင်လေးနောက် တစ်လံကွာလောက်ကနေ လွယ်အိတ်တစ်လုံးနဲ့ ပိုက်ဆံသိမ်းတာကိုး။

သည်ကတည်းက ဘယ်ကမှန်းမသိတဲ့ နာမည် ဘယ်သူမှန်း မသိတဲ့ ကောင်လေးကို ရပ်ကွက်က သတိထားမိတာ။ ဟုတ်တယ်လေ။

ဘဲကြီး ကိုယ်နှိုက်က သူ့ပစ္စည်းလေးကို နာမည်ခေါ်တာ ကြားဖူးပေါင်။ ကောင်လေးလို့ပဲ ခေါ်တာ မဟုတ်လား။ နောက်တော့ ဘဲကြီးဆိုရင် ကောင်လေးပါ တွဲမြင်ရော။ ကောင်လေးက ဘဲကြီးရဲ့ အတွင်းရေးမှူး ဆိုလည်း မမှားဘူး။ ကိုယ်ရံတော် ဘော်ဒီဂတ် ဘယ်လိုခေါ်ခေါ်ပေါ့။ အဲ... ပိုထူးခြားတာက သူ့အိမ်မှာ လူပိုတစ်ယောက်ရှိလို့လား မသိဘူး။ ဘဲကြီးကို သွားလေရာ သူ့လက်စွဲတော် လွယ်အိတ်ကို အမြဲ လွယ်ထား တာတော့ မြင်နေကျ ဖြစ်နေပြီ။

အခုတော့ ဖိနပ်ဆိုင်က လျော်ကြေးငွေလေးလည်း တတိတိနဲ့ ကုန်ပြီလို့ ဘဲကြီး ညည်းတယ်။ ရေခဲချောင်းကလည်း ဖြုတ်လိုက်ရပြီ။ ဒါပေမဲ့ ကောင်လေးကတော့ သူ့တဲလေးမှာပဲ အမြဲနေတယ်။ သူ သွား လေရာ ခွေးတစ်ကောင်လို အမြဲပါတယ်။ သူ ခိုင်းတာလုပ်၊ သူ ပြောတာ ခေါင်းညိတ်ကိုး။ ဘာပဲပြောပြော ဘဲကြီးတစ်ယောက် အသောက် အစားကင်းပြီး (ယုတ်စွအဆုံး ဆေးလိပ်တောင်မှ မသောက်တာ) တခြား အပိုသုံး မရှိတော့၊ နှစ်ယောက်အိုးစားပေမဲ့ သူ့လက်ကျန်ငွေလေးနဲ့ ထိန်း ထားနိုင်တာပေါ့။ ပြီးတော့ ဘဲကြီးက ဖြစ်သလို စားတတ်တယ်။ တစ်ခါ ကများ မုန့်ကျွဲသည်း တစ်ကျပ်ဖိုး ဝယ်ပြီး ဆရာတပည့်နှစ်ယောက် ထမင်းကြမ်းနဲ့ လူးဖတ်စားနေကြတာ မြင်ရတဲ့သူတောင် အော်ဂလီဆန် တယ်။ သူတို့မတော့ မြိန်ရေရှက်ရေ၊ မိတ်ဟောင်းဆွေဟောင်း ငန်းကြီး ကလည်း တဂီးဂီးနဲ့ ဘဲကြီး ပုံကျွေးတဲ့ ထမင်းနဲ့ မုန့်ကျွဲသည်းတွေ နှုတ်သီးနဲ့ တပျတ်ပျတ် ထိုးလို့။

ဘဲကြီး ကံကောင်းပါတယ်။ ဟော... ရပ်ကွက်ထဲမှာ မီးဘေး လုံခြုံရေး စီမံချက် ဘာညာ ရောက်လာပါပကောလား။ တစ်နေကုန် ကုန်းရုန်း လုပ်ကိုင်စားသောက်ရတဲ့ ဘဝ၊ ညမှာ ဘယ်သူ ခြင်ကိုက်ခံပြီး ကင်းတဲမှာ လာအိပ် (အဲလေ) လာစောင့်နိုင်မလဲ။ ဒီတင် ဘဲကြီးတို့

စိုင်ကော်လို့ ချုပေါ် ရောက်ရတော့တာပေါ့။ ဘဲကြီးက မီးကင်းမှူးတဲ့။ ကောင်လေးက လုံခြုံရေးတာဝန်ခံတဲ့။ ညဘက် မိကျောင်းခေါင်းထိပ်က မီးကင်းအမှတ် (၄) မှာ ထောင်ထားတဲ့ သုံးပေ၊ နှစ်ပေ သုံးထပ်ပြား လေးပေါ် ဘဲကြီးနဲ့ ကောင်လေးနာမည် တွေ့နေရပြီ။ (ထူးခြားတာက ကျောက်သင်ပုန်းပေါ်ထိ ကောင်လေးနာမည်က ကောင်လေးပဲ)။ ညည ဆို ဘဲကြီးက သူ့လက်ဆွဲလွယ်အိတ်ကြီး လွယ်လို့၊ လွယ်အိတ်ထဲမှာ ကင်းကြေးဖြတ်ပိုင်း တစ်အုပ်၊ လက်နှိပ်ဓာတ်မီး နှစ်ခဲထိုး တစ်လက်၊ (ရပ်ကွက်က စုဝယ်ပေးရတာ) သားရေခွနဲ့ စက်ဘီးကုန်း အဟောင်းတွေ ထည့်လို့။ ကောင်လေးက သူ့နောက်မှာ တစ်လံလောက် ရှည်တဲ့ ဝါးရင်း တုတ် ကိုင်ပြီး လမ်းကို တဒေါက်ဒေါက် ခေါက်လို့။

ပြောကြတာကတော့ တစ်ညတလေ အိပ်မပျော်လို့ ကင်းတဲသွားပြီး စကားစမြည် ပြောကြတော့ ဘဲကြီး အရက်သောက်နေသတဲ့။ တစ်ခါတလေ သူ့လွယ်အိတ်ထဲ ပုလင်းတောင်ပါဆိုပဲ။ တန်တော့ ဘဲကြီးလည်း သူ့ကို အလုပ်ခေါ်ပေးတဲ့ ဟိုပုဂ္ဂိုလ်တွေ နောက်တော်ပါးက လိုက်ရလွန်းလို့ အတတ်ကြူးတာနေမှာ။

* * *

ရပ်ကွက်ထဲမှာ အိမ်ပေါက်စေ့ လှည့်ပြီး မီးကင်းကြေး ကောက်ရတဲ့ ဘဲကြီးအဖို့ အဲဒီအသင်းလည်း ဖွဲ့ပြီးရော အလိုလို အရေးပါအရာ ရောက်သူ ဖြစ်လာရော။ ဟုတ်တယ်လေ၊ အဲဒီအသင်းရဲ့ အလုပ်ကလည်း ငွေလှည့်ကောက်ရတာပဲ မဟုတ်လား။ ဘဲကြီးက သူ့ကင်းကြေးသာ အိမ်ကျန်ချင် ကျန်မယ်။ ရက်ဆိုင်းချင် ဆိုင်းမယ်။ အဲဒီအသင်းအတွက် ဆို ရက်မဆိုင်း၊ နာရီမဆိုင်း၊ အိမ်ပေါက်စေ့၊ အကွက်စေ့တယ်။ ဒီအသင်း အတွက်များ ရပ်ကွက်ထဲ လှည့်ရပြီဆိုရင် ဘဲကြီးက အဆောင်အယောင်

တစ်ဆင့် တိုးတာကိုး။ သူကတော့ လွယ်နေကျ လွယ်အိတ်ပါပဲ။ အဲ... သူ့လက်စွဲကျော် ကောင်လေး လက်ထဲမှာတော့ ဘုတ်အုပ်ရှည်ကြီးနဲ့။ ဘဲကြီးက ရှေ့က အိတ်နဲ့ လွှားလွှားလွှားလွှား။ ကောင်လေးက ဘုတ်အုပ်ကြီးနဲ့ ခပ်ကုပ်ကုပ်။

ခြေတိုအောင် တစ်ရပ်ကွက်လုံး အိမ်ပေါက်စေ့ လှည့်တယ်။ ယုတ်စွအဆုံး ဘယ်သူမှ မဝင်ရဲတဲ့ အရှေ့ဘက်ဝင်းကြီးထဲက တိုက်အထိ ဝင်ပြီး ငွေကောက်တယ်။ ခွေးမကြောက် ဘာမှမကြောက်။ တစ်ခေါက်နဲ့ မပြီးတဲ့အိမ်လည်း စိတ်ရှည်လက်ရှည် နှစ်ခေါက်သုံးခေါက် သွားတယ်။ အဲဒီအသင်းရဲ့ အသက် ဆိုပါတော့။ တစ်ရပ်ကွက်လုံးရဲ့ အဲဒီကိစ္စ၊ သူပါမှ ပြီးတယ်။ ပြီးအောင်လည်း တာဝန်ကျေပါတယ်။ ကျေအောင် လည်း ထောင့်စေ့တယ်။ မိုးဦးကျလို့များဆို အဲဒီကိစ္စအတွက် တစ်လ တည်း နှစ်ခေါက်၊ သုံးခေါက် ငွေကောက်ရလည်း မညည်းညူဘူး။ အဲဒီလိုလများဆိုရင် ရပ်ကွက်ထဲက ရွှတ်နောက်နောက် လူငယ်တွေက အဲဒီအသင်းကို နာရေး–နာရေး အသင်းလို့ ပြောင်ခေါ်ကြရော။

အစွဲအလမ်းကြီးတဲ့ လူကြီးသူမတွေကတော့ "ဘယ့်နှယ့်တော်၊ ဒီအသင်းကြီးဖွဲ့ပါမှ နိမိတ်မရှိ၊ နမာမရှိ၊ ဟောတစ်ယောက်၊ ဟောတစ် ယောက်ပါလား။ ဘဲကြီး ဘုတ်အုပ်နဲ့လာရင် မျက်ခုံးလှုပ်လှသတော့" လို့ မြည်တွန်ကြတာပေါ့။

ဘဲကြီးကလည်း အဲဒီအသင်းဖွဲ့ကတည်းက အသင်းရဲ့ ဘာ စည်းမျဉ်း၊ ညာစည်းမျဉ်းကြောင့် မဟုတ်ဘဲ အသင်းရဲ့ ငွေစာရင်း စာအုပ် ကို ကိုင်ရတော့ သူ့အလုပ်နဲ့ ပတ်သက်ပြီး တာဝန်ကျေတယ်။ အထင်ကြီး တယ်။ ကိစ္စရှင်အဖို့ ဘာမှ လှည့်ကြည့်စရာ မလိုဘူး။ "ဘဲကြီး ကြည့်လုပ် ကွာ" ဆိုတဲ့ ပါမစ်ရတာနဲ့ ဖွားသေစာရင်းယူတာ၊ ယာယီငှားတာ၊ စည်ပင်သာယာက သင်္ဂြိုဟ်လက်မှတ် တောင်းတာ။ (မီးသင်္ဂြိုဟ်ချင်

လည်း ခံကုန်းမီးစက်တာဝန်ခံ ကိုခင်မောင်ထွတ်ကို မင်္ဂလာတံခါးနားက လက်ဖက်ရည်ဆိုင်ထိ လိုက်ပြီး မျက်နှာပြတာ)၊ ဝင်းဝင်း ဘတ်စ်ကား ငှားတာ၊ အိမ်တော်ရာ မြောက်ပေါက်က အေးရီ ပုံနှိပ်တိုက်မှာ ယပ်တောင် မှာတာ။ လင်းရောင်ခြည် ဈေးတန်းနားမှာ ကန်တော့ပွဲ၊ စလောင်းဖုံး၊ ကြိုးကအစ တန်ဆာပလာ ဝယ်တာ၊ နောက်ဆုံး ဘုန်းကြီးပင့်တာ အထိ စက်ဘီးလေး တစ်စီးသာ ငှားပေးလိုက်။ ကောင်လေးကို စက်ဘီး နင်းခိုင်းပြီး သွားလိုက်တယ်။ ကိစ္စအားလုံး နှစ်နာရီအတွင်း ပြီးခဲ့ပြီ။

ဒီလိုနဲ့ ရက်လည်ဆွမ်းသွတ်ပြီး အိုးခွက်ပန်းကန် ပြန်ပို့ပြီးသည် အထိ ဘဲကြီးကို ဘယ်သူကမှ လက်ချည်း ပြန်မလွှတ်ကြဘူး။ ဖဲဝိုင်း အကောက်ကရော၊ အိတ်ထဲကရော အစိတ်သုံးဆယ် ပေးလိုက်ကြတာ ချည်းပါ။ ဒီလိုနေ့ဆိုရင် အရက်မသောက်တတ်တဲ့ ကောင်လေးဟာ သူ့ဆရာ ဘဲကြီးရဲ့လက်စွဲ လွယ်အိတ်လေးထဲ ပုလင်းတစ်လုံးထည့်ပြီး ဥယျာဉ်တန်းက ဒေါ်ဘုတ်ဆုံဆိုင် ပြေးဝယ်ပေးရတာအမော။

* * *

အခုတစ်လော ဘဲကြီး အရက်တွေ အလွန်အကျွံ သောက်လာတယ်။ ငန်းကြီးရဲ့ တဂီးဂီး အသံတွေကလွဲလို့ သူ့တဲလေးဟာ ညနေဆိုရင် ဘဲကြီးရဲ့ မူးပြီး ဆူသံဆဲသံတွေ ကြားရပြီး သူ့ဆဲသံတွေဟာ သူ့စေတနာ့ဝန်ထမ်း လုပ်ရတဲ့ အလုပ်နဲ့ ပတ်သက်ပြီး ကသိကအောက် ဖြစ်စရာတွေအပေါ် ပေါက်ကွဲမှုတွေချည်း။

ဘုတ်အုပ်ရှည်ကြီးနဲ့ ရပ်ကွက်ထဲ ပတ်တိုင်း အိမ်တိုင်းစေ့လိုလို တစ်ခေါက်နဲ့ မပြီးတာ၊ ခံကုန်းတာဝန်ခံ ကိုခင်မောင်ထွတ်ဆီ အလုအယက် အချိန်ယူ စာရင်းပေးရတာ၊ လက်ကျန်ငွေကလေး မဖြစ်စလောက်နဲ့ ဝင်းဝင်း ဘတ်စ်ကား တစ်စီးလောက်ရအောင် ကတ်သီးကတ်သတ် ဆစ်ပြီး ငှားရတာ။ အားလုံးအပေါ် ပေါက်ကွဲတယ်။

တစ်ရက်မှာတော့ သူ့ဘာသာ သေတာလား၊ စိတ်တိုတိုနဲ့ သတ်ပစ်လိုက်တာလား မသိဘူး။ အတူနေ ငန်းကြီး သေပါလေရော။ ငန်းသေကြီးကို လည်ပင်းက ကိုင်ပြီး တဲထဲက ထွက်သွားတာ သတိထားမိလိုက်ကြတယ်။ အဲဒီညမှာ ကင်းစောင့်ချိန်တောင် ဘဲကြီးတစ်ယောက်ပေါ်မလာတော့ ကောင်လေးလည်း တမျှော်မျှော်နဲ့ပေါ့။

အခုတော့ ရပ်ကွက်ထဲမှာ ဘဲကြီးနဲ့ ငန်းကြီးသတင်းက ရေပန်းစားအဆုံး။ ငန်းသားက အရက်နဲ့ မတည့်တာလား ဆိုတာတော့...။

* * *

ဘုတ်အုပ်ရှည်ကြီး ကိုင်ထားတဲ့ ကောင်လေးကို လွယ်အိတ်လေးလွယ်ပြီး တစ်ယောက်တည်း တွေ့လိုက်ရတယ်။ အခုတော့ (နာရေး–နာရေး) ဖွဲ့ဟဲ့ ရွှေအိမ်ငွေအိမ်၊ (သာရေး–နာရေး) အသင်းရဲ့ တာဝန်ရှိသူ၊ အရေးပါသူ တစ်ယောက်အဖြစ် ဘာဥပဒေ၊ ဘာစည်းမျဉ်း၊ ဘာလုပ်ထုံးလုပ်နည်းနဲ့မှ ညီညွတ်ခြင်း၊ မညီညွတ်ခြင်းအပေါ် ဘယ်သူမှ လက်ပေါက်မကတ်ကြဘဲ ကောင်လေးက ဘုတ်အုပ်ရှည်နဲ့ လွယ်အိတ်နဲ့ ဆက်လက် လှုပ်ရှားနေတယ်။

သည်တစ်ခါ ကောင်လေးအဖို့ တစ်အိမ်မှာ တစ်ကြိမ်သာပဲ ရှောရှောရှူရှူ အဆင်ပြေနေတာက သူ့ဆရာ ဘဲကြီးအတွက်မို့ ရပ်ကွက်လေးရဲ့ ကရုဏာသက်မှု ဖြစ်နေပါတယ်။

ဒီနေ့ကစပြီး ကောင်လေးကို ဘုတ်အုပ်ရှည်ကြီးနဲ့အတူ လွယ်အိတ်လေး လွယ်ကာ စာရင်းမှတ်လိုက်၊ ပိုက်ဆံသိမ်းလိုက် လုပ်နေတာရပ်ကွက်လေးအဖို့ ထူးဆန်းမှာ မဟုတ်ပေမဲ့ နည်းနည်း သတိထားမိတာက ကောင်လေး ခေါင်းမော့လာ၊ အသံကျယ်လာတာကိုပါ။ သည်ထက်ထူးခြားတာက ကောင်လေးဆီက အရက်နံ့တွေရလို့။

ရပ်ကွက်လေးထဲ ရောက်လာကတည်းက နာမည်မသိရတဲ့ ကောင်လေးကို ဒီနေ့မှာပဲ ငန်းကြီးလို့ နာမဘိသေကသဘင် ဆင်ယင်လိုက်ကြတာကိုလည်း မူးနေတဲ့ ကောင်လေး၊ အဲ... ငန်းကြီးလည်း မသိ။

ပေဖူးလွှာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၀။

❐

## မတိုင်မီ


ရွက်ကြွေ...

မိုးစက်...

မြေသက် နှင်းပန်းပွင့်...

အဲဒီသံသရာလည်မှု ကာလတွေ ရှည်ကြာခဲ့ ပြောင်းလဲခြင်းတရားကို ဆန့်ကျင်ပြီး မိမိသွေးသားထဲမှာ အမြဲမပြတ် ပူးဝင်လွှမ်းမိုးလွှန်းနေသော အရာကား မီးရထား ဥဩသံပင် ဖြစ်သည်။ ဝေးကွာလှသော နေရာဆီမှ ပါးလျားသော အသံပေါင်းများစွာအနက် ထိုအရာကိုကား ခွဲခြားသိစိတ်က ကျင့်သားရနေပြီ။ ဒါကလည်း မိမိဝမ်းစာအတွက် ရှန်းမထွက်နိုင်ခဲ့သော အလုပ်တစ်ခုကြောင့် ဖြစ်၏။

အခုလို အနီးအနားဆီက မီးရထားဥဩသံ တစ်သံ စူးရှစွာ ကြားလာရသောအခါ ပုံစံကျအသိက ဖျတ်ခနဲ လှုပ်နိုးတတ်သေးသည်။ ထိုအခါ...



## (တစ်)

သားလေးရေ...

သူတော်စင်တွေတောင်မှ ဉာဏ်မခိုင်လို့ ဈာန်ယိုင်ကာ လျှောရတဲ့ မိန်ရာသီ။ ဘယ်ဆီကြည့်ကြည့် လေပွေ၊ လေရူးတွေဟာ ရွက်ကြွေလေးတွေကို အဖော်ခေါ်လာတဲ့ မိန်ရာသီ။ ခြောက်သွေ့မှု၊ တိတ်ဆိတ်မှုတွေ ကြီးစိုးပြီး လွမ်းဆွတ်ဖွယ်၊ အမည်ဖော်ပြခြင်းငှာ မစွမ်းဆောင်နိုင်ဖွယ် ဝေဒနာတွေကို ဝေငှနေတဲ့ မိန်ရာသီ။

ဒီမိန်ရာသီမှာ သားလေးရဲ့ ပထမဦးဆုံး စာကို ဖေဖေ ဖတ်ရတယ်သား။ မနှစ်က အခုလို မိန်ရာသီကို မြန်မာပြည်မြောက်ပိုင်းက တောဘူတာရုံလေး တစ်ရုံမှာ ဖြတ်သန်းခဲ့ရတယ်။ ဘူတာလေးဟာ အနောက်ဘက်ဆီကို မျက်နှာမူထားတာမို့ မိန်ရာသီရဲ့ ချစ်စရာ ညနေဆည်းဆာရဲ့ တချို့တစ်ဝက်ကို မြင်နေရတယ်။ ဆည်းဆာဟာ ပန်းနုရောင်အဆင်းကို ခြယ်သထားတယ်။ တော်တော်လေး ကြာတော့ ပန်းနုရောင်မှာ လိမ္မော်သွေး စီးမျောလာရော။ သားလေးရေ၊ လိမ္မော်ရောင်မှာ တဖြည်းဖြည်းနဲ့ အနီရောင်ရဲ့ စိုးမိုးလာမှုကို ဖေဖေတို့ မြင်နေရပြီကွယ့်။ ဆည်းဆာချိန်ကောင်းကင်ဟာ ရဲရဲနီလို့။ လှလိုက်တာလေ။ ဆည်းဆာရဲ့ အနီရောင်ဟာ ဖေဖေတို့ ဘူတာလေးရဲ့ မျက်နှာစာကို အရောင်ဟပ် တောက်ပနေစေတယ်။ ဆည်းဆာရဲ့ အလှဗေဒကြားမှာ ခံစားယစ်မူးနေကြတဲ့ ဖေဖေတို့ တစ်တွေရဲ့ ရှေ့ပေသုံးဆယ် အကွာလောက်မှာ ကုန်လှောင်ရုံလေး ရှိတယ်။ ကုန်လှောင်ရုံလေးရဲ့ အနောက်ဘက်မှာ ဆန်စက်ဟောင်းဝင်းထဲက ညောင်ပင်ကြီး။ ညောင်ပင်ကြီးရဲ့ အဖျားတွေကို မြင်နေရတယ်။ ညောင်ကိုင်းတွေဟာ ဆည်းဆာရဲ့ လေရူးမှာ ယိမ်းထိုးနေတယ်။

သူ့ကိုယ်ပေါ်က အဝတ်ဟောင်းတွေကို လေရူးက နေ့စဉ်နဲ့အမျှ ခြွေချနေတာမို့ ခုဆို ညောင်ပင်ကြီးဟာ အဝတ်မပါ ဗလာကျင်းနေပြီ

ကွယ့်။ ယိမ်းထိုးနေတဲ့ ရိုးတံကျိုးကျဲ ညောင်ပင်ကိုင်းတွေမှာ တော်ကြာ လာနားလိုက်၊ တော်ကြာ ထပျံပြေးလိုက်နဲ့ ဂနာမငြိမ်ဖြစ်နေကြတဲ့ ငှက်ကလေးတွေဟာ မျက်စိနောက်စရာတော့ အကောင်းသားပေါ့။ ညောင်ပင် ပတ်ဝန်းကျင်မှာ ငှက်ကလေးတွေက လေဟုန်စီးနေကြတယ်လေ။ လေဟုန်စီးနေတဲ့ ငှက်ကလေးတွေဟာ ကုန်လှောင်ရုံအမိုးပေါ် နားလိုက်၊ သံလမ်းနဲ့ ကုန်လှောင်ရုံလေးကြား ကွက်လပ်လေးထဲ ဆင်းလာလိုက်နဲ့ ရစ်သီရစ်သီ လုပ်နေကြတယ်။ တစ်ခါတစ်ခါကျ သူတို့ဟန်ပန်လေးတွေဟာ 'တို့လိုမှ နေနိုင်ကြလို့လား' လို့ သရော်နေသယောင်မို့ မနာလို ဖြစ်မိသေး။ နဂိုကမှ တိတ်ဆိတ်ငြိမ်သက်နေတဲ့ တောဘူတာရုံဝင်းလေးဟာ အခုလို ရာသီမှာဖြင့် ရထားဝင်ချိန်မရှိရင် ငှက်သံတွေက လွဲလို့ သုသာန်တစပြင်လို ခြောက်သွေ့တိတ်ဆိတ်နေတယ် သား။

## (နှစ်)

သားလေးရေ…

အခုတော့ မိန်ရာသီရဲ့ ပြင်ပရှုခင်းတွေကို မြင်ကွင်းကျယ် မခံစားရတာ ကြာပြီကွယ့်။

မနက်ခင်း လမ်းလျှောက်ထွက်ရင် ရေကန်နားက သရက်ပင်ကြီးအောက်၊ သရက်ရွက်ကြွေတွေ၊ သရက်ရွက်ခြောက်တွေ၊ သရက်ကင်းလေးတွေနဲ့ သရက်ပွင့်လေးတွေကို မြင်ရတော့ နွေပန်းချီကားရဲ့ စုတ်ချက်တချို့ကိုသာ ခံစားနေရသလိုပေါ့။ အခုလို နွေလက်ရာပန်းချီကားကို အပြည့်အဝ မခံစားရတဲ့အခါ ဟိုအရင်က ဖြတ်သန်းခဲ့ရတဲ့ နွေရှုခင်းလေးတွေကို ပြန်ပြောင်းသတိရ တသသ ဖြစ်ရတာပေါ့။

တစ်ခုသော နွေဆည်းဆာမှာ နဘားရထားဟာ စစ်ကိုင်းတံတားကို ဖြတ်ကျော်နေဆဲ၊ နေလုံးနီနီဟာ မင်းဝံတောင်ရဲ့ တစ်ဖက်ကို ပုန်းခို

တော့မယ်။ မန္တလေးရောက်ရင် မှောင်ရော့မယ်။ စစ်ကိုင်းတံတားကို ဖြတ်ပြီး ခဏနေရင် အမရပူရ ဆိပ်ကမ်းဘူတာကို ရောက်လာတယ်။ ဖေဖေတို့ စီးလာတဲ့ နဘားလော်ကယ်ရထားကို အမရပူရဆိပ်ကမ်း ဘူတာလေးက ပန်းရနံ့တွေနဲ့ ဆီးကြိုလိုက်တယ်သား။ တစ်ဘူတာလုံးဟာ ကံ့ကော်၊ စံပယ်ပန်း ရနံ့တွေနဲ့ ကြိုင်လှိုင်နေတော့တယ်။ ပန်းသည်လေး တွေဟာ ယောက်ယက်ခတ်နေကြတယ်။ အလုအယက် ရောင်းနေကြရ ရှာတာကိုး။ ဟိုမင်းဝံတောင်ရိုးပေါ်က နေလုံးနီနီဟာ ပုညရှင်စေတီကို ကတိုက်ကရိုက် ဦးချပြီး တောင်ရိုးရဲ့ အနောက်ဘက်ကို လျှောဆင်းသွား ပြီ။ ဒါပေမဲ့ ဧရာဝတီရဲ့ လှိုင်းကြက်ခွပ်လေးတွေပေါ်မှာတော့ ပတ္တမြားလုံး လေးတွေ ဟိုတစ်စ ဒီတစ်စ ကြဲထားခဲ့ဟန် တူတယ်။ ဘူတာရုံလေးရဲ့ မရန်းပင်ကြီးတွေကြားမှာတော့ အမှောင်ရိပ်လေးတွေ ပုန်းခိုနေကြပြီ။ နွေရာသီရဲ့ လေပြည်လေးဟာ ဟောဟို ဧရာဝတီကနေ ဘူတာလေးဆီ ခပ်ဖွဖွလေးနင်းပြီး လမ်းလျှောက်လာနေတယ်။ သူ့အဖော် ပန်းရနံ့လေး တွေက မွှေးလိုက်တာကွယ်။ ကံ့ကော်ပန်းရနံ့လေး ထင်ရဲ့။

ဖေဖေဖြင့် လေပြည်ထဲက ပန်းရနံ့လေးကို ရှူရှိုက်ရတာ အားမရ တာနဲ့ ကံ့ကော်ပန်း တစ်ကုံးကို ဈေးသည်မလေးဆီက ဝယ်လိုက်တယ် သား။ အဲဒီပန်းရနံ့လေးဟာ အိမ်ရောက်တဲ့ထိ သင်းပျံ့နေတော့တယ်။ ဒီနွေရှုခင်းလေး၊ နွေရနံ့လေးကို ပြန်စဉ်းစားတိုင်း လွမ်းဆဲ။ ပန်းရနံ့လေး တွေက ပြန်လည်ထုံသင်းလာဆဲပါ သားလေးရယ်။

ပြီးတော့ ဖေဖေ မေ့မရသေးတဲ့ နွေကားချပ်လေး တစ်ခုလေ သားရဲ့။ တပေါင်းလပြည့်မတိုင်ခင် အဖိတ်နေ့ညပေါ့ သား။ အဲဒီနေ့ ရောက်တိုင်း ဖေဖေတို့ စစ်ကိုင်းတောင်ပေါ်မှာ ရှိကြတယ်။ အလုပ် တာဝန်နဲ့ နယ်မှာရောက်နေပေမဲ့ အဲဒီရက်ရောက်ရင် အတတ်နိုင်ဆုံး ဖေဖေ ပြန်ခဲ့တာ သားအသိ။ ဈေးချို ဆင်တံတားမှာ ဖေဖေ့ သူငယ်ချင်း

တစ်ယောက် ရှိတယ်။ သူက တောင်ရိုးပေါ်က 'မဟာသမယ' ချောင်မှာ အလုပ်အတန်းလုပ်နေကျ မဟုတ်လား။ ဒီနေ့ကျမှ ဖေဖေတို့ သူငယ်ချင်းတွေ ဆုံဖြစ်ကြတာ မဟုတ်လား။

စစ်ကိုင်းတောင်ရိုးရဲ့ တပေါင်းလပြည့်ဟာ ငြိမ်သက်နေတယ်။ ဆည်းလည်းသံ၊ ရွက်ခြောက်လေးတွေရဲ့ ရှပ်တိုက်ပြေးလွှားသံကလွဲလို့ ဘာသံမှ မကြားရဘူးကွယ့်။ တောင်ရိုးတစ်ခုလုံးလည်း လရောင်တွေ လွှမ်းခြုံထားလို့ အေးမြနေတယ်။ တစ်ခါတစ်ခါ ဟောဟို မှောင်မည်းမည်း မြစ်ထဲ မီးရောင်ကို လက်ခနဲ လက်ခနဲ မြင်လိုက်ရတယ်။ မန္တလေးဘက်ဆီ လှမ်းမျှော်ကြည့်လိုက်တော့ စိန်တုံးကလေးတွေ ကြဲချထားသလို တလက်လက် တောက်စားလို့။ အမရပူရ၊ မြစ်ငယ်၊ တံခွန်တိုင်ဘက်ဆီ မျှော်ကြည့်ပြန်ရင်လည်း မည်းမှောင်နေတဲ့ သစ်ပင်အုပ်တွေကြားက တစ်ချက်တစ်ချက် ဖြာထွက်လာတဲ့ မီးရောင်လေးတွေဟာ စိတ်ဝင်စားစရာပေါ့ကွယ်။

"ဟောဒီနားက ကြည့်ရင် ဗားကရာကျွန်းကို ဖြတ်သွားတဲ့ ကားမီးရောင်ကို မြင်ရတယ်"

လို့ ဘေးက အဖော်က ပြောတယ်။ ဒါနဲ့ ဖေဖေတို့ တော်တော်ကြာတဲ့အထိ ကားမီးရောင်တွေရဲ့ ပုစ္ဆာတွေကို အဖြေရှာကြည့်ခဲ့ကြပြီး တရုတ်စကားပင်အောက်မှာတင် မှေးခနဲ အိပ်ပျော်သွားကြတာချည်းပဲ သားရေ။ အခုရော ဖေဖေ့ သူငယ်ချင်းတွေက တပေါင်းလပြည့်နားနီးတော့ စစ်ကိုင်းတောင်သွားဖို့ လာခေါ်ကြသေးသလား။ ဖေဖေ မလိုက်နိုင်သေးပါဘူးလို့ သားသားက ပြောလိုက်သလား။ ပြောမနေပါနဲ့ သားရယ်။ နောက်နှစ်တွေဆို ဖေဖေ လိုက်နိုင်မှာပေါ့၊ မဟုတ်ဘူးလား သား။

## (သုံး)

သားသားရေ...

ဖေဖေ့ ဘူတာရုံလေးဟာ ပုံမှန်ရထားဝင်ချိန်နည်းလို့ အလုပ်မရှုပ်ဘဲ အားချိန်များနေတယ်။ အထူးသဖြင့် အခုလို တိတ်ဆိတ်နေတဲ့ နေ့လယ်ပိုင်းဆို အိပ်ချင်စရာ ဖြစ်နေတယ်လေ။ ဖေဖေကတော့ မအိပ်ဖြစ်ဘူး သား။ မအိပ်ဖြစ်လို့ ဖေဖေ ဘာလုပ်နေတယ်လို့ ထင်သလဲ။ ဒီအချိန်မှာဆို ဖေဖေလေ သားရေးလိုက်တဲ့ စာလေးကို ထုတ်ပြီး ဖတ်နေပြီပေါ့။

သားဆီက စာလေးဟာ ဖတ်ရလွန်းတော့ အလွတ်ရပြီ။ မကြာမကြာ ဖြန့်လိုက် သိမ်းလိုက်မို့ ခေါက်ရိုးလေးတွေ ကျိုးနေပြီ။ စိတ်ချသား၊ မစုတ်စေရဘူး။ ဖေဖေ အသက်ထက် မြတ်နိုးပါတယ် သားရဲ့။ အခုလည်း သား စာလေးဖတ်ပြီး သတိတရ ရှိလွန်းလို့ပါကွယ်။ သားစာလေး ဖတ်လိုက်၊ အစာကြေအောင် လမ်းလျှောက်လိုက်၊ စဉ်းစားစရာရှိရင် စဉ်းစားလိုက်နဲ့ အလုပ်မရှိတဲ့ ချောက်ချားစရာ နေ့လယ်ခင်းကို နေ့တိုင်းလိုပဲ ကျော်ဖြတ်နေရတာပေါ့။

ညပိုင်းမှာ ဖေဖေ ဘာလုပ်သလဲ သိလား။ သီချင်းဆိုတယ်ကွယ့်။

ဘာလဲ၊ သားက အံ့သြသွားလို့လား။ မန္တလေးတုန်းက လေတောင်မချွန်တဲ့ ဖေဖေက သီချင်းဆိုတယ် ဆိုလို့လား။ မအံ့သြနဲ့သား။ ဖေဖေ သီချင်းဆိုတယ်။ မဆိုဘဲ မနေနိုင်လို့ ဆိုတယ်။ သီချင်း ဆိုလိုက်ရင် အားသစ်တွေ တိုးလာတယ်။ နားလည်မှုတွေ ပိုလာတယ်။ လွမ်းစိတ်တွေ ပြေလာတယ်။ လွမ်းစိတ်တွေ ပြေတော့ လွမ်းစိတ်ရဲ့ နောက်ကွယ်က ပျော့ညံ့မှု၊ တွေဝေမှုတွေပါ ပျောက်သွားရောပေါ့။

ဖေဖေ အများဆုံးဆိုတဲ့ သီချင်းတွေဟာ နန်းတော်ရှေ့ဆရာတင်နဲ့ မြို့မငြိမ်း သီချင်းတွေပဲ။ အောင်ပင်လယ်၊ ကမ္ဘောဇ၊ လက်ရည်

တစ်ပြင်တည်း၊ စစ်ကိုင်းတောင်၊ ဖူးစာ စတဲ့ သီချင်းတွေပဲ။ ဒါကြောင့် မိတ်ဆွေတွေက ဖေဖေ့နာမည်ရှေ့မှာ 'မြို့မ' ဆိုတဲ့ ဘွဲ့ထူးကို ထိုက်တန်စွာ ချီးမြှင့်ကြတာပေါ့။ ပြီးတော့ ပြောရဦးမယ် သားရဲ့။ တခြား မိတ်ဆွေတွေ သီချင်းဆိုရင် ဖေဖေက ပါးစပ်ဆိုင်းနဲ့ ဒိုးချက်လိုက်တာပေါ့။ ဖေဖေ့ ဒိုးချက်တွေဟာ သူတို့ သီချင်းလေးတွေကို ကြွသွား၊ လှသွားစေတယ်။ ဖေဖေလည်း ဘယ်ခေပါ့မလဲကွယ်။ စိန်ဗေဒါ ပတ်စမ်းမှာ နားယဉ်ပြီး မြို့မဒိုးချက်တွေကြား ကြီးပြင်းလာတာကိုး။ ဒီလိုနဲ့ သီချင်းဆိုကြ၊ နောက်ပြောင်ကြရင်းနဲ့ပဲ ရက်လေးတွေ ခြွေချနေရတော့တာပေါ့။

## (လေး)

သားသားရေ…

*"ရေလောင်း၊ ရေပက်ခံလာတယ်… သူငယ်ချင်းရင်းတဲ့ လုံမေရယ်… ဖျန်းပက်စေချင်၊ စိတ်က စင်ကြယ်၊ မပက်ဘူးဆိုရင် စိတ်ဆိုးမှာပင်… ဟန်ကြီးလို့ ဆိုမယ်…"*

ဆိုတဲ့ ဆရာငြိမ်း သီချင်းကို သီဆိုရင်း မန္တလေးသင်္ကြန်ကို လွမ်းရတယ်လေ။

မန်းတောင်ရိပ်ခို သီချင်းကို ဆိုပြပါ ဆိုပြပါလို့ တောင်းဆိုကြတဲ့အတွက် သင်္ကြန်အကြိုနေ့ညမှာ ဖေဖေ ဆိုပြရသေးတယ်။ ဖေဖေ့အသံက အနီးအနားအတွက်တော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ တိုးညှင်းနေမှာ တော့ သေချာတယ်။ အသံမရဘူး သားရယ်၊ မအော်နိုင်ဘူး။ ဒါပေမဲ့လေ *'နှစ်ကူးတော့မယ် ခင်ခင်ရယ်၊ လိုက်ခဲ့ပါလား၊ အပျင်းတော် ပြေမယ်'* ဆိုတဲ့ အပိုဒ်လည်း ရောက်ရော ဖေဖေ့မျက်စိထဲမှာ ကျုံးတွေ၊ မြို့ရိုးတွေ ပေါ်လာတယ်။ ရေပက်မဏ္ဍပ် တွေရှေ့မှာ သင်္ကြန်ရေတွေ ဖြာခနဲ ထွက်လာတာ မြင်နေရပြီ။ အကျနေ့နဲ့ အကြတ်နေ့ မနက်ခင်းမျိုး (၈၄)

လမ်းနဲ့ (၂၈) လမ်းထောင့်မှာ ပိတောက်ပန်းတွေ ပုံရောင်းနေတာကို သင်္ကြန်ပျော်ကားတွေက အလုအယက် ဝယ်နေကြတာကို အောက်မေ့နေပြီ။

ဒီလိုသင်္ကြန်အချိန်မျိုးမှာရော ဖေဖေ့သူငယ်ချင်းတွေ လာကြသေးသလား။ အမှတ် (၁၁) ဘတ်စ်ကားကြီး တစ်စီး ငှားပြီး သခင်မတောင်၊ ရန်ကင်းတောင်၊ မန္တလေးတောင်ဆိုတဲ့ တောင် (၃) တောင် အစီအစဉ်ကို မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများကို တစ်ပြုံကြီးတင်ပြီး ဒီနှစ်သင်္ကြန်မှာရော ထွက်ဖြစ်သလား။ ညပိုင်းမှာ နဂါးမယ် ရေသဘင် ကြည့်ပြီး မုတ်ဆိတ်လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြသေးသလား။ ဘာပဲပြောပြော အရင်ကလို ဖေဖေတို့ သူငယ်ချင်းတစ်စု လက်ဖက်ရည်ဆိုင်မှာ တစ်စုတစ်ဝေးကြီး မရှိတော့တာ၊ ဘောလုံးပွဲမှာလည်း အုတ်အုတ်ကျက်ကျက် မရှိတော့တာ ဖေဖေ ကြားမိပါတယ် သားရဲ့။ အရင်က 'ငယ်မူ' လေးတွေဟာ လွမ်းစရာလေးတွေပေါ့ သားရယ်။ ပြောင်းလဲမှုတွေရှိမှာပဲ။ အသက်အရွယ်တွေရလာကြ၊ စီးပွားရေးထမ်းပိုးတွေက ပိုလို့ပိုလို့ လေးပင်လာကြတော့ ရှန်းရကန်ရနဲ့ အရင်က အလေ့အကျင့်တွေကို တစ်သမတ်တည်း ဆက်လုပ်မနေနိုင်ကြတော့ဘူးပေါ့။ ဒါပေမဲ့ 'ရင်းနှီး ချစ်ခင်ကြတဲ့' ဟာသဉာဏ်လေးတွေ ကွန့်မြူးကြတဲ့ 'ငယ်မူ' လေးတွေကိုတော့ မပျောက်စေချင်ဘူးကွယ်။

*"ငယ်မူကို မဖျောက်နိုင်ဘူး၊ ပျော်လောက်ဖွယ်... မယ်ရင်ရယ်... လွမ်းပါဘိတယ်၊ ပျို့ဇာတိနွယ်"* ဆိုတဲ့ ဆရာတင် သီချင်းထဲကလိုပေါ့။

ဘာပဲပြောပြော သူငယ်ချင်းတွေ မိတ်ဆွေတွေအားလုံးကိုလည်း သတိရတယ်။ သူတို့တစ်တွေ နေထိုင်ကောင်းမွန်ရေး၊ အလုပ်အကိုင်အဆင်ပြေရေးအတွက် ဆုတောင်းလိုက်ပါတယ်။ ဖေဖေ့ဆီ စာရေးကြရင်လည်း ဖတ်ရတဲ့ စာအုပ်၊ ကြည့်ရတဲ့ ရုပ်ရှင်ကားတွေ၊ ဗွီဒီယိုတွေ

အကြောင်း စီကာပတ်ကုံး ရေးကြပါဦးလို့ ပြောလိုက်ပါကွယ်။ အခုချိန်မှာတော့ ဖေဖေလည်း စာတော်တော်များများ ဖတ်ရပါတယ်။ မဟောသီ၊ ပေဖူးလွှာ၊ အတွေးအမြင်၊ ရှုမဝနဲ့ အခြား ပေါ်ပြူလာမဂ္ဂဇင်းအချို့၊ ဂျူးရဲ့ ဝတ္ထုဟောင်း တစ်အုပ်နဲ့ ချစ်ဦးညိုရဲ့ ရာဇဝင် ဝတ္ထုတိုပေါင်းချုပ် အပြင် ရှုမဝထဲက ဆရာမြသန်းတင့်ရဲ့ တောင်သမန်လေညင်း၊ အတွေး အမြင်ထဲက ဆောင်းပါးနဲ့ သမိုင်းအကြောင်းတွေ။ ဖေဖေက အားနေတော့ စာအုပ်တိုင်းကို စာမျက်နှာတိုင်းဖတ်၊ ကြော်ငြာလည်း ဖတ်၊ အကုန်ဖတ်တယ်။

ကဲ… သားလေးရယ်၊ အားလုံးကိုသာ ပြောပြလိုက်ပါ။ မန္တလေးကို ချစ်တဲ့၊ မန္တလေး ရာသီတိုင်းကို ချစ်တဲ့ ဖေဖေ့အဖို့ အခုလို မန္တလေးနဲ့ နီးရက်နဲ့ ဝေးကွာနေချိန်မှာ သင်္ကြန်ဆိုလည်း သင်္ကြန်မို့၊ သီတင်းကျွတ်ဆိုလည်း သီတင်းကျွတ်မို့၊ ဆောင်းဦးရာသီဆိုလည်း ဆောင်းဦးရာသီမို့၊ ဆယ့်နှစ်ရာသီနီးပါး စိတ်ဝင်စားစရာတွေနဲ့ ပြည့်နေတဲ့ မန္တလေးကို လွမ်းတယ်။

အခုလို ရာသီမှာဆိုရင် မန္တလေးရဲ့ ရာသီဥတုဟာ ဆွတ်ပျံ့ဖွယ်၊ ကြည်နူးဖွယ်၊ စိတ်လှုပ်ရှားဖွယ် ကောင်းရော့မယ်။ လေပြည်၊ ရာသီကူးပန်းရနံ့နဲ့ ကျေးငှက်တို့ရဲ့ တေးဆိုသံဟာလည်း ပွတ်ကာသီကာနဲ့ ရစ်ဝဲနေရော့မယ်။ ဒီလို နှစ်လိုဖွယ် မန္တလေးဟာ တစ်ယောက်သောသူ ပြန်လာမယ့်ရက်ကို မျှော်နေရော့မယ်။ မျှော်နေရော့မယ်။

(ငါး)

"……….."

"………."

အနီးအနားဆီက မီးရထား ဥဩသံတစ်သံ စူးရှစွာ ကြားလိုက်ရသောအခါ လွင့်မျောနေသော အတွေးအိပ်မက်ကို ပုံစံကျအသိက

ဖျတ်ခနဲ လှန့်နိုးလိုက်သည်။ ထိုအခါ မိမိနံဘေးမှာ အစိမ်းအနီ အလံမရှိ၊ ဘူတာရုံသုံး မီးစက်တစ်လုံးလည်း မရှိ။ အခန်းထောင့်မှာ တတီတီ မြည်နေမည့် ကြေးနန်းစက်လည်း မရှိ။ ထို့အတူ လက်ထောက်ရုံပိုင်လေး ၏ တဒုန်းဒုန်း ရိုက်နှိပ်သော ရထားလက်မှတ်ရိုက် တံဆိပ်တုံးလည်း မရှိ။

သေချာသည်မှာ စောစောကတည်းက ဖြန့်ကြည့်မိသော နွမ်း ကြေကြေ စာရွက်ကလေး တစ်ရွက်ကမူ မိမိလက်ထဲတွင် ကိုင်လျက် ရှိနေခြင်းပင် ဖြစ်သည်။ စာရွက်လေးပေါ်က သားလေး၏ ဝိုင်းဝိုင်းရွဲ့ရွဲ့၊ စောင်းစောင်းစွေစွေ၊ သေးသေးကြီးကြီး မညီမညာ ကလေးလက်ရေး 'ဝ' လုံးကလေးများ၏ နောက်ကွယ်မှ အထီးကျန်ဆန်ခြင်း၏ အဓိပ္ပာယ် ကို မိမိကိုယ်တိုင် ရှာဖွေမိနေသည်မှာ ကာလအတန် ကြာနေပေပြီ။

မြားနတ်မောင်မဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၁။

❐



## ငါးတို့ပျော်ရာ တောင်သေလာ

(က)

သူသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ လေသာပြတင်းဆီသို့သွားကာ လောကနန္ဒာစေတီသို့ အတန်ကြာထိ လှမ်းမျှော်ကြည့်လိုက်သည်။ ဟိုအဝေး မြစ်ပြင်သည် ကောင်းကင်အပြာနှင့် ရောနေ၏။ မြူဇာလွှာ ခပ်ပါးပါးကြားဝယ် လောကနန္ဒာစေတီ၏ ကောက်ကြောင်းသည် ခပ်ရေးရေး...။

လေပြည်သည် ဖွဲ့ယမ်းလာသည်ထင့်။ စေတီဆီမှ ဆည်းလည်းသံများ လွင့်မျောလာသည်။ သူ ခေါင်းကို ယမ်းသည်။ ထို့နောက် သက်ပြင်းချသည်။ ညာလက်သီးကို ဘယ်လက်ဖဝါးဖြင့် ဆုပ်နယ်သည်။ ထိုစဉ် သူ စေလွှတ်လိုက်သော မင်းချင်းလုလင်သည် ပြန်ရောက်လာ၏။ ခရီးအတော်အတန်ကို အပြေးအလွှားသွားခဲ့၍ မောဟိုက်နေပုံရသည်။ အသံများပင် မမှန်တော့။

"မှန်... မှန်... မှန်လှပါ ဘုရား၊ အုတ်လှငယ်သည် အရှင့်ရှေ့တော်မှောက် ရောက်မှသာ စစ်သတင်းကို လျှောက်ထားလိုကြောင်း သံတော်ဦးတင်လိုက်ကြောင်းပါ ဘုရား"

သူ့မျက်နှာ ရုတ်ခြည်း ကြမ်းတမ်းသွားသည်။ အံကို တင်းတင်းကြိတ်၏။ သလွန်ပေါ်ရှိ ပတ္တမြားကျောက်စီဓားကို တစ်မုဟုတ်ချင်း ဆွဲယူပြီး–

"သယ်... ရာရာသသ၊ ထူးခြားမယ့် စစ်သတင်း တစ်ခဏချင်း ငါ ကြားလို၍ လျှောက်တင်ခိုင်း၊ သင်းက ရိုင်းရိုင်းပျပျနဲ့ စကားကို နှောင့်နှေးထား၊ တောက်... သပေါက်မသား ငအုတ်လှကို အခုချက်ချင်း ထောင်သွင်း အကျဉ်းချစေ အမိန့်တော်"

သူ၏ ဒေါသကား လှိုင်းတံပိုး ထသွားသည်။ မှူးမတ်သေနာပတိတို့ကား လှိုင်းတံပိုးအောက် နစ်မြုပ်သွား။ အထိန်းအကွပ်မဲ့ ပေါက်ကွဲထွက်သွားသော ဒေါသ၏ အခိုးအလျှံကြောင့် မြင်ကွင်းများသည် ဝေဝါးသွားလေသည်။ မိမိ၏ အမိန့်အား ဦးလည်မသုန် ထမ်းရွက်ရန် အပါးမှ ထွက်ခွာသွားသော မင်းချင်းလုလင်အား လည်းကောင်း၊ တစ်ခဏအတွင်း ပြန်လည်ဝင်ရောက်လာသော ထိုလုလင်သည် အုတ်လှငယ်က စစ်သတင်းအား အရေးတကြီး လျှောက်ထားလိုကြောင်း သံတော်ဦးတင်သံကို လည်းကောင်း သတိမထားမိတော့။ မကြာမီ အာဏာသားများ ခြံရံ၊ နှောင်ကြိုးတည်း၍ ရှေ့မှောက်ရောက်လာသော အုတ်လှငယ်၏ လျှောက်တင်သံများကိုလည်း လုံးစေ့ပတ်စေ့ မကြားမိသေး။

တိုက်ဆင်နှစ်ရာ၊ စစ်မြင်းနှစ်ထောင်၊ ဗိုလ်ခြေနှစ်သောင်း ဟူသော ကိန်းဂဏန်းများကိုလည်း ကြားလိုက်ပေမဲ့ စိတ်မဝင်စားမိ။ သို့သော် လေးနက်ပီပြင်စွာ လျှောက်တင်လိုက်သော အုတ်လှငယ်၏ စကားလုံးများအနက်–

"သူတို့ကား အရှင်နှင့် အရှင်၏ တမ္ဗဒီပအတွက် အသက်အသွေးပေါင်းများစွာကို ပေးဆပ်ကာ မဇ္ဈိဂိရိအား ရယူနိုင်ပါသည် အရှင်"

ဟူသော ပီပီသသ ကြားလိုက်ရသော အသံကြောင့် ပူလောင်ဆူပွက်နေသော သွေးများသည် အခိုးသေ၊ အငွေ့သေသွားကြသည်။

ဒေါသသည် ပီတိအဖြစ် အရည်ပျော်သွား၏။ မကြာခဏ အပြောင်းအလဲ မြန်ဆန်လွန်းသော ဒေါသ၊ နောင်တ၊ ပီတိတို့၏ အကူးအပြောင်းကား မိမိအဖို့ ချိုမြိန်လှသော ဟင်းကောင်းတစ်ခွက်သဖွယ်တည်း။ ပီတိသည် တဖြည်းဖြည်း အားလျော့စပြုနေသော ဒေါသအား ဝါးမျိုစပြုလေပြီ။ ပီတိကြောင့် ယစ်မူးနေမိသော အာရုံသည် ရာဇဝတ်သား အုတ်လှငယ်၏ လှုပ်ရှားမှုများကို ရီဝေစွာ တဖျပ်ဖျပ် မြင်နေရသည်။

နောင်ကြိုးတည်းထားသော လက်နှစ်ဖက်ဖြင့် ဦးရစ်ခေါင်းပေါင်းအား ဖြေလိုက်သည်။ နန်းရင်ပြင်တွင် အုတ်လှငယ်၏ ဆံစတို့သည် သန်းတကျိုကျိုဖြင့် အထွေးထွေး ကျလာလေသည်။ ထိုအခါ မိမိအသိသည် စောစောက အုတ်လှငယ် လျှောက်တင်ခဲ့သည့် 'ဦးဆွေးဆံမြည့်' ဟူသော စကားလုံး၏ အင်အားကြီးမားမှုကို ဂရုပြုမိတော့သည်။ ဦးဆွေးဆံမြည့်... ဦးဆွေးဆံမြည့်...

ပယ်ံပဒါးအနီနှင့် ရွှေရောင်ဝင်းပနေသော နန်းရင်ပြင်တွင် ဆံစတို့ အလုံးအထွေး၊ သန်းဖြင့် ကျိုကျိုတက်နေသော ဦးရစ်ခေါင်းပေါင်း၊ နောင်ကြိုးနှင့် အုတ်လှငယ်။

အကျည်းတန်လှသော မြင်ကွင်းကြောင့် ယစ်မူးမိသော ပီတိသည် နောင်တအဖြစ် ပြောင်းလဲပြန်ပြီ မဟုတ်လော။ မဆန်းတော့။ ဒေါသ၊ ပီတိ၊ နောင်တ (သို့မဟုတ်) ဒေါသ၊ နောင်တ၊ ပီတိ အပြောင်းအလဲကား မိမိအဖို့ မဆန်းတော့။ ယခုလည်း ဒေါသသည် ပီတိမှတစ်ဆင့် နောင်တသို့ ကူးပြောင်းသွားရပြန်ချေပြီ။ အုတ်လှငယ်ကို ဘာကြောင့် အပြစ်ပေးမိပါလိမ့်။ ဒေါသကြောင့် မှားယွင်းခဲ့ချေပြီတကား။ သို့သော် ဤသို့ အကြိမ်ကြိမ် မှားယွင်းခဲ့ဖူးသော အတွေ့အကြုံကြောင့် ထွက်ပေါက်ကိုဖြင့် ရှာဖွေတွေ့ရှိခဲ့ဖူးလေပြီ။

ခမည်းတော် ဥဇနာမင်းကြီး လွန်ပြီးနောက် မိမိကဲ့သို့ သာမန်ပန်းပွတ်သည် မိဖုရားသားကို ထီးနန်းတင်ပေးခဲ့သည့် အဘရာဇသင်္ကြန်

ကိုပင် နယ်နှင်ဒဏ် ပေးခဲ့ဖူးလေသည်။ သို့သော် ဒေါသကြောင့် အမှားကို ပြန်လည် ချီးမြှောက်နေရာပေးခြင်းဖြင့် အဘရာဇသကြ်နိကပင် ယခု မစ္ဆဂီရိကို ပြန်လည်ရယူပေးခဲ့ပြီ မဟုတ်လော။ အဆောင်အယောင် ရာထူးတံဆိပ်က မိမိ၏ ပွဲတွေ့ဆေး၊ အခုရော မှားယွင်း အပြစ်ပေးခြင်း ကြောင့် ဖြစ်ပေါ်လာမည့် အုတ်လုငယ်၏ မိမိအပေါ် နာကြည်းမှုအား ကုသရန် ဆေးရှိပါသည်။ နောင်တဟူ၍ ဖြစ်ကတည်းက ဦးနှောက်၏ အလေ့အကျင့်ကလည်း တစ်ဆက်တည်းပင် ဘွဲ့တံဆိပ်တို့ကို ရွေးချယ်မိ ချေပြီ။

ဘာတဲ့၊ ရန္တပစ္စည်း... ရန္တပစ္စည်း...

ဟုတ်ပြီ၊ အဘရာဇသကြ်န်၏ သားငယ် အုတ်လုငယ်ကို ရန္တ ပစ္စည်းဟု ဘွဲ့တံဆိပ်ချိတ် အရာမြှောက်မည်၊ သားအကြီး အုတ်လုကြီးကို မူ 'အနန္တပစ္စည်း' ဟု ချီးမြှောက်မည်။ ကဲ... မိမိ၏ မှားယွင်းမှုကို ဘယ်သူ ခံပြင်းပါအုံနည်း။ အနန္တပစ္စည်း၊ ရန္တပစ္စည်းတို့ကား ဘွဲ့အဆောင် အယောင်ဖြင့် ရွှေငွေရတနာ၊ ပိုးဖဲကတ္တီပါ၊ ခါသာပိတ်အုပ်၊ အသပြာ ငွေထုပ်များဖြင့် နန်းတွင်းထဲက မောင်းမမိဿံများနှင့် ပျော်ပါးကြပေရော့။

ဤသို့ဖြင့် ပန်းပွတ်သည်မသား မိမိအား မည်သူက ပုန်စားဝံ့အုံ့ နည်း။

ဤသို့ဖြင့် တမ္ပဒီပ၏ နာကြည်းမှု တက်ခေါက်သံများကား အဘယ်မှာလျှင် လက်သီးဆုပ်ဝံ့အုံ့နည်း။

ဤသို့ဖြင့် အရှေ့သံလွင်၊ အနောက် မစ္ဆဂီရိ၊ မြောက် ငဆောင် ချမ်း၊ တောင်မှာ ထားဝယ်အထိ သူ၏ နား၊ သူ၏ မျက်စိတို့ကို ဖြန့်ကြက် ထားနိုင်သည် မဟုတ်လော။

စင်စစ် တမ္ပဒီပသည် နရသီဟပတေ့၏ လျှို့ဝှက်သော နားမျက်စိ တို့ဖြင့် ဖြန့်ကြက်ထားရာ၊ လျှို့ဝှက်သော နားမျက်စိတို့ဖြင့် ဖြန့်ကြက် ထားရာ...

## (ခ)

"ဘာ... သူတို့နားတွေ၊ သူတို့ မျက်စိတွေဟာ နေရာအနှံ့ ဖြန့်ကြက်ထားကြတယ်။ ဟုတ်စ"

ကျွန်ုပ်သည် တောင်အစွန်းတွင် မေးတင်နေသော ကျောက်တုံးတစ်တုံးပေါ် ထိုင်နေရာမှ လျှောဆင်းလိုက်သည်။ ငပြည့်စံသည် လက်တွင် ကိုင်ထားသော သစ်ကိုင်းခြောက်ကို ဖြောင်းခနဲ နှစ်ပိုင်းချိုးလိုက်ရင်း–

"ဟုတ်တယ် ငလုံမာ၊ တို့ရောက်နေတဲ့ ဟောဒီ တောင်ပေါ်ကနေ လှမ်းကြည့်လိုက်စမ်း၊ ဟိုမှာက ရိုးမတောင်တန်း၊ ရိုးမရဲ့ ဒီဘက်မှာက ဧရာဝတီ၊ ဒီဆီမှာ တောအုပ်၊ ရိုးပြတ်ငုတ်တိုတွေနဲ့ လယ်ကွင်းတွေကလည်း တစ်မျှော်တစ်ခေါ် ဘယ်လောက် ကျယ်ပြောလိုက်သလဲ၊ ဘယ်လောက် လှပလိုက်သလဲ၊ ကိုရင့်လို စာတိုပေစလေး ရေးတတ်သူအဖို့ ကာရန်တွေ၊ လင်္ကာတွေ တစိမ့်စိမ့် ယိုစီးရောပေါ့"

"အေး... ဒါပေမဲ့ ရိုးမနဲ့ တောအုပ်က သစ်တစ်ပင်စီ၊ ဧရာဝတီ လှိုင်းကြက်ခွပ်တိုင်း၊ ယုတ်စွအဆုံးကွာ ရိုးပြတ်ငုတ်တို အပိုင်းပိုင်း အပြတ်ပြတ်ကြားမှာ သူတို့နားတွေ၊ သူတို့မျက်စိတွေချည်းပဲ။ တမ္ဗဒီပက နရသီဟပတေ့ဟာ အကွပ်အညှပ်ပြင်းလှတဲ့ သူ့အာဏာတော်ကို ထာဝရ ခိုင်မာနိုင်ဖို့ သူ့နား၊ သူ့မျက်စိတွေကို ငါတို့တစ်တွေ ဘိုးစဉ်ဘောင်ဆက် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်လာတဲ့ ဟောဒီ ရိုးပြတ်လယ်ကွင်းတွေထဲ ထိအောင် ကြဲဖြန့်ထား"

ငပြည့်စံသည် ပြောရင်း အသံတိမ်ဝင်သွားသည်။ အောက်နှုတ်ခမ်းကို ပြင်းပြင်းကိုက်၏။ သန်မာလှသော ပါးရိုးနှစ်ဖက်က မြွေနဂါးကဲ့သို့ ပါးပျဉ်းထောင်လာသည်။ ထို့နောက် တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြီး ကျွန်ုပ်၏ လက်ကို ဆွဲကိုင်ဖျစ်ညှစ်လိုက်သည်။ ထိုစဉ်

ခဏ သူ့ထံမှ နာကြည်းမှု၊ ခံပြင်းမှု ဒေါသသည် ကျွန်ုပ်ထံသို့ ကူးလာပေသလော မသိ။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထကာ သူ့ဘယ်ဘက်လက်မောင်းအား လှုပ်ယမ်းလိုက်မိကာ–

"ဒါ... ဒါဖြင့် နောင်ငယ်၊ ကျုပ်ရင်ထဲမှာ ဟောဒီ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကြောင့် ယိုစီးလာတဲ့ လင်္ကာစကားလုံးလေးတွေဟာ ကြည်နူးစရာ၊ အေးချမ်းစရာ၊ သန္တာရသတွေ ဖြစ်ပါဦးမလား။ အကျည်းတန်မှုတွေ၊ ရက်စက်မှုတွေ၊ နာကြည်းမှုတွေကြောင့် မလှမပ မပြေမပြစ်နဲ့ ကြမ်းတမ်းခက်ထန်နေမှာပေါ့နော်။ ဟုတ်တယ် မဟုတ်လား နောင်ငယ်၊ ဟုတ်တယ် မဟုတ်လား"

ငပြည့်စံက သူ့ဘယ်ဘက် လက်မောင်းအား ဆုပ်ကိုင်လှုပ်ယမ်းနေသော ကျွန်ုပ်လက်ကို အသာဖယ်လိုက်ပြီးမှ–

"ငလုံမာ၊ ဒီအချိန်မှာ စကားလုံးတွေ၊ ကာရန်တွေဟာ ကြမ်းတမ်းပါစေ၊ ခက်ထန်ပါစေ။ မင်းအသွေးအသားထဲမှာ ခက်ထန်ကြမ်းတမ်းတဲ့ စကားလုံးတွေ ကာရန်တွေ ပွက်ပွက်ဆူပြီး မင်း နှလုံးသားကို လှုပ်နိုးလိုက်လို့ ဓားကိုလွယ်၊ လှံကို ဆွဲပြီး ဟောဒီ ရန်ဝေးတောင်ပေါ် ရောက်လာတာ မဟုတ်လား လင်္ကာဆရာလေးရဲ့"

"ဒါပေမဲ့ နောင်ငယ်ရယ်၊ ဟောဟိုမှာ ကြည့်စမ်းပါဦး။ မဇ္ဈိဂိရိဟာ မီးဟုန်းဟုန်း တောက်လောင်နေပြီ မဟုတ်လား။ တမ္ဗဒီပက နရသီဟပတေ့ စေလွှတ်လိုက်တဲ့ တွင်းသင်းမှူး သရေပစ္စပတေ့နဲ့ ရာဇသင်္ကြန်ရဲ့ တိုက်ဆင်တွေ စစ်မြင်းတွေနဲ့ စစ်သည်တွေဟာ..."

"တော်စမ်း... ငလုံမာ၊ ငါ့ဝမ်းက လွယ်မွေးတဲ့ သားလို့ စကားမဟာရဲလောက်အောင် ရက်စရာ ကောင်းလှပေရဲ့၊ ဘာ... တိုက်ဆင်တွေ၊ စစ်မြင်းတွေ ဟုတ်လား"

ကျွန်ုပ် ရုတ်တရက် အံ့အားသင့်သွားသည်။ ဘယ်အချိန်က ကျွန်ုပ်တို့အနား ရောက်နေမှန်း မသိသော မိခင်သည် သူမ၏ နားနှစ်ဖက်မှ

ကြီးမားလှသော နားကွင်းကြီးများကိုပင် လှုပ်ခါသွားအောင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ ကျွန်ုပ် သတိမထားမိခြင်းပင်။ မကြာသေးမီ ဟောဟို တောင်စောင်းက ကျောက်တုံးပေါ် ကျွန်ုပ် ထိုင်နေစဉ်ကတည်းက မိခင်သည် အဖော်မိန်းမသူများနှင့် ကျောက်ခွက်၊ ကျောက်ပန်းကန်လုံး၊ ကျောက်ပန်းကန်ပြားများ ထွင်းထုသွေးလုပ်နေတာ ကျွန်ုပ်တို့သတိထားမိဖို့ ကောင်းသည်။ မိခင်သည် သဲကျောက်ဖြင့် ပြုလုပ်ထားသော ကျောက်ခွက်အား မီးခိုးမှိုင်းဖြင့် ကျပ်တင်နေရာမှ ကျွန်ုပ်၏ စကားကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်မျှ ဒေါသဖြစ်သွားပုံ ရသည်။

ထို့နောက် ကျပ်တင်လက်စ ကျောက်ပန်းကန်ပြားအား ချကာ ကျွန်ုပ်အနီးသို့ လှမ်းလာပြီး ဟိုအဝေးဆီမှ မီးခိုးတလူလူနှင့် စစ်ဒဏ်ခမီးသင့်နေသော မစ္ဆဂီရိဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

"တိုက်ဆင်တွေ၊ စစ်မြင်းတွေ ဟုတ်လား။ ဒီမှာ ငလုံမာရဲ့၊ မင်းဖခင်နဲ့ မင်းညီငယ်ဟာ အဲဒီကျူးကျော်လာတဲ့ တိုက်ဆင်တွေ၊ စစ်မြင်းတွေကို ရရာ လှံငယ်၊ တုတ်တိုကို ကိုင်စွဲပြီး ခုခံခဲ့ကြရာက အသက်ခန္ဓာမဲ့စွာနဲ့ ဟောဟို မစ္ဆဂီရိမှာ နေရစ်ခဲ့ကြရလေပြီလေ။

တကယ်တော့ တို့ဘိုးဘွားတွေဟာ မြောက်ဘက် ဥရချောင်းဖျားနဲ့ ဟူးကောင်း တောင်ကြားကတစ်ဆင့် ဟောဒီ မြစ်ဝှမ်းတစ်လျှောက် ဆင်းပြီး လုပ်ကိုင်စားလာကြတာ ပဝေသဏီကတည်းကပါ။ ရိုးမရဲ့ မြောက်ဘက် သက်တောင်၊ ဖလံတောင်တစ်ဝိုက်မှာ တစ်စု၊ ရိုးမရဲ့ အရှေ့ဆင်ခြေလျှောကနေ ဟောဒီအလယ်ပိုင်းမှာ တို့တစ်တွေက တစ်စု။ ဟောဒီမြေနဲ့ ဟောဒီ မြစ်ချောင်း အင်းအိုင်တွေမှာ လယ်တည်ပြီး ငါးဖမ်းစားသောက်လာကြတာ၊ 'တမ္ပဒီပ' ဆိုတာ မတိုင်ခင်ကတည်းက..."

မိခင်သည် ပြောလက်စ စကားကို ရပ်ကာ အသက်ကို ပြင်းပြင်းရှူ၏။ နံငယ်ပိုင်းဖြင့်သာ ထုပ်စည်းထားသော ရင်အစုံသည် ဒေါသ

ကြောင့် အလုပ်အရှုပ် မြန်လွန်းလှသည်။ မီးခိုးငွေ့များ တလူလူ လွင့်နေသော မစ္ဆဂီရိဆီ လှမ်းမျှော်ကြည့်နေသော မျက်လုံးအစုံသည် မျက်တောင်မှုပင် မခတ်။ စူးရှလွန်းဘိခြင်း။ မကြာမီ မျက်ဝန်းထောင့်မှ မျက်ရည်တစ်စသည် နှာတံပြားပြားဘေး တစ်လျှောက်ရှိ ဇရာအရေးအကြောင်း၊ ချောင်းငယ်မြောင်းငယ်များအား စိုစွတ်သွားစေသည်။ ငပြည့်စံမှာမူ သူ့အကျင့်အတိုင်း လက်တစ်လှမ်းရှိ တရုတ်စံကားပင်မှ သစ်ကိုင်းခြောက်ကို ချိုးဖဲ့ယူပြီး တဖြောင်းဖြောင်း ချိုးနေသည်။ ထို့နောက် ခံပြင်းဒေါသဖြစ်နေသော မိခင်၏ လက်မောင်းအား နူးညံ့သိမ်မွေ့စွာ ဆုပ်ကိုင်ပြီး–

"အရီးရယ်၊ တမ္ပဒီပ ဆိုတာကလည်း ကျုပ်တို့ သွေးရင်း၊ သားရင်းပါပဲ။ သည်ရေကိုသောက်၊ သည်မြေမှာ မွေးတာချည်းပါ။ ဒါကြောင့်လည်း တမ္ပဒီပဟာ အရင်ကတည်းက ကျုပ်တို့အပေါ်မှာ မျှတတယ်၊ နွေးထွေးတယ်၊ ရည်မွန်တယ်။ ဒါပေမဲ့ ဒီနရသီဟပတေ့ လက်ထက်ကျပါမှ သင်းဟာ ရမ္မက်ကြီး၊ အရည်အချင်းမဲ့တဲ့အပြင် ဟို... မုတ္တမကနေ ဟောဒီ မစ္ဆဂီရိအထိ အနှိပ်အကွပ် အကျဉ်းအကျနဲ့ အာဏာက ပြင်း၊ ကျုပ်တို့ပစ္စည်း၊ ကျုပ်တို့ လယ်ယာ ဘယ်မှာ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ကြရလို့လဲ။

ဟော... အခုလည်း သင်း အစီအမံ ညံ့ဖျင်းပြီး ရမ္မက်ကြီးလွန်းလို့ တမ္ပဒီပရဲ့ ချွတ်ခြုံကျ ချည့်နဲ့မှုတွေဟာ နောက်ဆုံးတော့ ကျုပ်တို့ ပြည်သူပြည်သားတွေအပေါ်ပဲ ဖိစီးနေတာပဲ မဟုတ်လား။ ဟောဒီ မစ္ဆဂီရိလိုနယ်စွန်နယ်ဖျားမှာ အဆိုးဆုံးပ အရီးရာ"

ငပြည့်စံ၏ စကားအဖြတ် မိခင်က သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။ ထို့နောက် သူမ လုပ်လက်စ ကျောက်ပန်းကန်ပြားများကျပ်တင်နေသောနေရာသို့ ပြန်သွားပြီး မိန်းမသူအဖော်များအား သိမ်းကျုံးကြည့်လိုက်ကာ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ထို့နောက်–

"အခု မစ္ဆဂီရိလည်း မရှိတော့ဘူး၊ တမ္ပဒီပရဲ့ တိုက်ဆင်တွေ၊ စစ်မြင်းတွေနဲ့လည်း ဝေးခဲ့ပြီ။ အခုလို အိုးခွက်တွေ အသစ်လုပ်၊ ဝါးခုတ်၊ သက်ငယ်ပြီး အိမ်ရာတည်၊ ရေကြည်စမ်းချောင်းလေးမှာ ငါးဖမ်း၊ ကဲ... ဟောဒီ ရန်ဝေးတောင် စခန်းမှာပဲ အခြေချကြရုံပေါ့။ ဟား... ဟား... ဟား"

မိခင်၏ အားပါးတရ ရယ်သံကြောင့် အိုးခွက်များ ထွင်းထု၊ အချောတိုက်၊ ကျပ်တင်နေသော မိန်းမသူများသည် လည်းကောင်း၊ တောင်ကြောတစ်လျှောက် သစ်ခုတ်ဝါးခုတ် တောရှင်းနေသော မစ္ဆဂီရိ သားတို့သည် လည်းကောင်း လုပ်လက်စ အလုပ်များကို ရပ်ကာ အံ့အား တသင့် လှမ်းကြည့်လိုက်ကြသည်။

ပြည့်စုံသည် ခွက်ထိုးခွက်လန်ရယ်နေသော မိခင်ထံ လျှောက် သွားပြီး ဆန့်တန်းထားသော လက်နှစ်ဖက်အား ဆုပ်ကိုင်လှုပ်ယမ်းလိုက် သည်။

"မဟုတ်သေးဘူး အရီးရဲ့၊ ဟောဒီ ရန်ဝေးတောင်မှာ ကျုပ်တို့တစ် တွေ အိမ်ရာတည်ပြီး အေးအေးချမ်းချမ်းနေလို့ မရသေးဘူးလေ။ မစ္ဆဂီရိ ဟာ ကျုပ်တို့ ဘိုးဘွား အမွေအနှစ်။ ဒီအမွေအနှစ်ကို ကျုပ်တို့ ပြန်လည် တည်ဆောက်ရဦးမယ်။ ပြီးတော့ တမ္ပဒီပမှာရှိတဲ့ ကျုပ်တို့ သွေးချင်းတွေ ဟာလည်း နရသီဟပတေ့ရဲ့ အာဏာစက်အောက် အလူးအလိမ့်ခံနေရ တာ ကျုပ်တို့ နေစိမ့်ပါ့မလား။ ကျုပ်တို့မှာ လက်နှစ်ဖက် ရှိသေးတယ်။ လေးမြားချွန်စရာ ဝါးတောကြီးတွေ ရှိတယ်။ ဟောဟို ကျောက်တောင် တွေထဲမှာ ဓား၊ လှံအတွက် သံသတ္တုတွေ ရှိတယ်။ ကဲ... ဘာလိုသေးလဲ"

ကျွန်ုပ်သည် အလွန် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် မြင်ကွင်း တစ်ခုအား တငေးတမော ထိုင်ကြည့်နေမိသည်။ ပြည့်စုံ၏ အားမာန်၊ မိခင်၏ မာနများသည် အဘယ်မှာလျှင် ကျွန်ုပ်၏ နှလုံးသားအား မလှုပ် နိုးဘဲ နေနိုင်အံ့နည်း။

ဥရုချောင်းဖျား၊ ဟူးကောင်းတောင်ကြား၊ မြစ်ဝှမ်းလွင်ပြင်၊ တမ္ပဒီပသွေးချင်း၊ တိုက်ဆင်၊ စစ်မြင်း၊ မစ္ဆဂီရိမှ မီးခိုးလုံးများ။ ပြီးတော့ လေးမြား၊ ဓားလှံ။ လေးမြား၊ ဓားလှံ။

ကျွန်ုပ်၏ နှလုံးသားအား တစ်စစီ ထိုးမွကြချေပြီ။ တစ်ကိုယ်လုံးရှိ သွေးတို့သည် ပွက်ပွက်ဆူလာ၏။ နှလုံးသားအသိသည် ရင်တွင်းရှိ ငုပ်လျှိုးနေသော စကားလုံးများကို လျှပ်တစ်ပြက် ဆွဲယူစုစည်းနေလေသည်။ အသိဉာဏ်သည် ရုတ်ခြည်း ပွင့်လင်းလာသလို ခံစားလိုက်ရသည်။

စောစောက မိခင်၏ ဒေါသကြောင့် ငုံ့လျှိုးနေသည့် အားမာန်သည် ရုတ်တရက် ပြည့်လာကာ ထိုင်ရာမှ ဝုန်းခနဲထပြီး ငပြည့်စံထံ ပြေးသွားလိုက်မိသည်။ မိခင်ဘက် လှည့်နေသော သူ့ခန္ဓာကိုယ်ကို မိမိဘက် ခပ်ကြမ်းကြမ်း ဆွဲလှည့်လိုက်သည်။ ထို့နောက် နှုတ်ဖျားမှ ရုန်းကန်ထွက်နေသော စကားလုံးများကို ဇက်ကုန်ဖွင့်ရန် အားယူလိုက်ရသည်။ လေးမြား၊ ဓားလှံ။ တိုက်ဆင်၊ ဆင်မြင်း။

ပြီးတော့... ပြီးတော့၊ သေနင်္ဂဗျူဟာ။

"ဒါဖြင့် ကျုပ်တို့ သေနင်္ဂဗျူဟာက"

ကျွန်ုပ် စကားလုံးကြောင့် ငပြည့်စံသည် မျက်နှာတစ်ချက် ဝင်းလက်သွားသည်။ ကျွန်ုပ် ရင်တွင်းမှာမူ သေနင်္ဂဗျူဟာ ဆိုသော စကားလုံး ရုန်းကန်ထွက်သွားခြင်းကြောင့် ပေါ့ပါးရှင်းလင်းသွား၏။ ထို့နောက် ကျွန်ုပ်လက်ကို ဖျစ်ညှစ်လိုက်ရင်း–

"သေနင်္ဂဗျူဟာ၊ ဟုတ်တယ်။ သေနင်္ဂဗျူဟာ၊ ဟုတ်လိုက်လေ လက်ာဆရာလေးရဲ့၊ ဒါကိုပဲ ပြောမလို့။ တမ္ပဒီပဟာ ဘယ်လောက်ပဲ အင်အားကြီးမားပါစေ။ သူတို့ရဲ့ ညံ့ဖျင်းတဲ့ အရည်အချင်းကြောင့် စုစည်းမှုမရှိ၊ အချင်းချင်း သွေးကွဲကြ၊ ဂိုဏ်းဂဏတွေ ဖွဲ့ကြတာ မင်းအသိ။

သူတို့ အပြိုအကွဲ၊ သူတို့ အားနည်းချက်ဟာ တို့ရဲ့ အောင်ပွဲပေါ့ကွ။ ဒီတော့ ထမင်းကို တစ်လုတ်စီ စားသလို သူတို့ကို တစ်ပိုင်းစီ ခြွေရမယ်။ သူတို့ လက်ဆယ်ချောင်းစလုံး ဒဏ်ရာရဖို့ထက် လက်တစ်ချောင်းလုံး ဖြတ်ရမယ်"

ငပြည့်စံ၏ မျက်လုံးအစုံမှာ စူးရှတောက်ပြောင်နေသည်။ တစ်စုံတစ်ခုကို ထိုးထွင်းသိနေသကဲ့သို့ ခံစားရ၏။ ငပြည့်စံ၏ စကားလုံးခွန်အားများကား အားတက်စရာ ကောင်းပါဘိတော့။ 'ထမင်းကို တစ်လုတ်စီ ခြွေစားသလို' တဲ့။

လှပသော ယှဉ်ထိုးပြမှုအပေါ် နစ်ဝင်နေခါမှ ငပြည့်စံသည် ကျွန်ုပ် လက်မောင်းကို ခပ်ကြမ်းကြမ်း လှုပ်ယမ်းလိုက်ပြီး–

"လက်ာဆရာလေး၊ ငါတို့ အမိအဖနဲ့အတူ ငါတို့တစ်တွေဟာ 'ငါးတို့ပျော်ရာ တောင်သေလာ' လို့ ဆိုရမယ့် မစ္ဆဂီရိရဲ့ ချောင်းမြောင်းတွေမှာ ကြီးပြင်းခဲ့တာမို့ ပိုက်ကွန်တွေဟာ တို့လို တံငါသည်တွေရဲ့ ဖွားဖက်တော်တွေပဲ မဟုတ်လား"

"အေး...တံငါသည်ဟာ ပိုက်ကွန်ကို အလျင်အမြန် ဖြန့်၊ အလျင်အမြန် ရုပ်သလို ပိုက်ကွန်အဖြန့်မှာ ရေအတိမ်အနက် ရေစီးနှုန်းနဲ့ ဒိုက်သရောတွေကို စူးစမ်းရသလို၊ ပြီးတော့ ပိုက်ကွန်ကို အဆင်သင့် ရုပ်နိုင်ဖို့ ပိုက်ကြိုးကို မြဲမြဲ ဆုပ်ကိုင်ထားရသလို ငါတို့ရဲမက်တွေဟာ လျင်မြန်စွာ ဖြန့်နိုင် ရုပ်နိုင်ရမယ်"

"တိုက်ပွဲဒေသရဲ့ အခြေအနေ၊ လူထုသဘောထား၊ ရန်သူ အတားအဆီးတွေကို တွက်ချက်တတ်ရမယ်။ ပြီးတော့ တို့တစ်တွေရဲ့ ရဲမက်တွေကို အဆက်အသွယ်မပြတ် စုစည်းလှုပ်ရှားနိုင်ရမယ်။ ဒါဟာ တို့ရဲ့ သေနင်္ဂဗျူဟာပေါ့ကွ"

"ဟုတ်လိုက်လေ နောင်ငယ်ရယ်၊ ဘာတဲ့ ရန်သူကို တိုက်တဲ့အခါ ထမင်းကို တစ်လုတ်စီ ခြွေစားသလို၊ ကျွမ်းကျင်တဲ့ တံငါသည် ငါးဖမ်း

သလိုတဲ့။ ဘာခက်လို့လဲ။ လေးတွေ၊ မြားတွေ၊ ဓားတွေ၊ လှံတွေနဲ့အတူ သေနင်္ဂဗျူဟာရှိပြီပ။ ဘာမှုစရာ လိုသလဲ နောင်ငယ်ရဲ့။ ဟောဟို မစ္ဆဂီရိကို မီးဟုန်းဟုန်း တောက်စေတဲ့ တိုက်ဆင်တွေ၊ စစ်မြင်းတွေကို အမှုန့်ချေကြစို့"

အားတက်မှုကြောင့် မိမိ၏ အသံများပင် တုန်နေသည်ကို သတိထားမိသည်။

"ဟိတ်... လင်္ကာဆရာလေး၊ ဆန္ဒ မစောနဲ့လေ။ ဒီသေနင်္ဂဗျူဟာမှာ ရန်သူတက်ရင် ကိုယ်က ဆုတ်ရမယ်။ ရန်သူနားမှ ကိုယ်က နှောင့်ယှက်ရမယ်။ ရန်သူပန်းမှ ကိုယ်က တိုက်ရမယ်။ ရန်သူဆုတ်မှ ကိုယ်က လိုက်ရမယ်။ နိုင်နိုင်မှ တိုက်၊ မနိုင်နိုင်ရင် ရှောင်ရမယ်။ အရှေ့ဘက်က အယောင်ပြ၊ အနောက်ဘက်က တိုက်ရမယ်။ ကဲ... တို့တစ်တွေလည်း မစ္ဆဂီရိ တိုက်ပွဲကြောင့် စစ်ပန်းနေပြီ။ ဒီတော့ အနားယူရင်း အားမွေးကြဦးစို့ရဲ့။ လင်္ကာဆရာလေးဟာ အခုတော့လည်း တကယ့် တံငါသည်လေး ဖြစ်နေတာကိုးကွ။ ဟား... ဟား... ဟား"

ငပြည့်စံက ကျွန်ုပ်ကို အားပါးတရ ဖက်ယမ်းလိုက်သည်။ ကျွန်ုပ်ကား မျက်ရည်ဝိုင်းသည်အထိ ခံစားလိုက်ရ၏။ မိခင်ကမူ အိုးခွက်များ ဖုတ်နေရာမှ ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေလေသည်။ ထို့နောက် ငပြည့်စံနှင့် ကျွန်ုပ်သည် မိခင်အား လက်မောင်းနှစ်ဖက်မှ တွဲထူလိုက်ရင်း ခဏတစ်ဖြုတ် အနားယူရန် အရှေ့ဘက် တောင်ကြောဆီ ဦးတည်လိုက်ကြသည်။

ထွန်းသစ်စ နေရောင်ခြည်သည် ရန်ဝေးတောင်ပေါ် ဖြန့်ကြက်စပြုလေပြီ။ သူ့ ခရီးဆက်တော့အံ့။ ဤသို့ဖြင့် နေ့ပေါင်းများစွာကို လပေါင်းများစွာ ရက်သီပေရော့မည်။ ထို့အတူ နေ့ပေါင်းများစွာသည် အချိုးကျစွာဖြင့် လပေါင်းများစွာကို တည်ဆောက်ပေရော့မည်။ ရက်ပေါင်းများစွာ... လပေါင်းများစွာ။

(၈)

လပေါင်းများစွာ... နှစ်ပေါင်းများစွာ...

ခု...

ဆယ်...

ရာ...

... ကိုးရာ၊ တစ်ထောင်။

ရာဇဝင်ဝတ္ထု အရေးများသော စာရေးဆရာလေးသည် 'ရန်ဝေး' မြို့သစ်ကလေးသို့ ရောက်ကတည်းက ဝတ္ထုတိုတစ်ပုဒ်၊ ကဗျာတစ်ပိုဒ် စပင် မရေးဖြစ်သေး။ စိတ်ကူးထားသော 'သဘောညီ၊ ပြောမည်၊ ရောဟဏီ' ဆိုသည့် လုံးချင်းဝတ္ထုကြီးမှာလည်း ဝေလာဝေး။

မြို့သစ်ကလေး၏ ရာသီဥတုနှင့် သဘာဝအလှများက ဖမ်းစားလွန်းတာကြောင့် တောလမ်းလေး တစ်လျှောက် လမ်းလျှောက်လိုလျှောက်၊ ကြည်လဲ့အေး စမ်းရေတိမ်မှာ ရေစိမ်လိုစိမ်၊ တည်းခိုရာ ဘန်ဂလို အိမ်ကလေး ရောက်ပြန်တော့ စာဖတ်ရသည့် အရသာလောက် ဘယ်ဟာမှ သဘောမတွေ့တာကြောင့် ကလောင်ပင် မကိုင်အား။

ခုလည်း နံနက်စောစော လမ်းလျှောက် ပြန်လာကတည်းက ဝရန်တာလေးတွင် နေစာလှုံရင်း ဖတ်လက်စ မှန်နန်းရာဇဝင်ကြီး၏ စာမျက်နှာများ၌ပင် ခေါင်းနစ်မြုပ်နေမိတော့သည်။

မင်းကြီးသည် နှလုံးတော်ပြေ၍ မိဖုရားစောကို တိုင်ပင်တော်မူ၏။ *"ငါတို့သည် ပုဂံနေပြည်တော်အရောက် ဆန်ရသော်လည်း သင့်မည်လော၊ သည်တွင် ဗိုလ်ပါ စုရုံး၍ နေရဦးသော်လည်း သင့်မည်လော" ဟု မိန့်တော်မူ၏။ မိဖုရားစောလည်း ဆန်တော်မူမည် မိန့်တော်စကားသည် လွယ်၏။ ပြည်ထဲအရေးကို ထောက်ရှုလိုက်သော် ခက်၏။ အဘယ်သို့ ခက်သနည်းဟူမူကား အခြွေအရံ ပြည်သူပြည်သား အလုံးအရင်းမရှိဘဲ နေပြည်တော်သို့ ဝင်၍နေချေသော် ရန်သူလက်တွင်*

*အခက်ပင် ဖြစ်ချေရာသည်။ ပြည်သူပြည်သား အပေါင်းတို့သည်လည်း အလောင်းမင်းကြီးသည် အကွပ်အညှပ် ပြင်းတော်မူလှ၍ အာဏာတော်ကို ကြောက်သောအားဖြင့် ပြည်တော်သို့ မချဉ်းမဝင်ကြသေး ဖြစ်သည်။ ထို့ကြောင့် အလျင်အထက်က ကျွန်တော်မ လျှောက်ပါသည်။ ယူတော်မမူပါ။ ပြည့်ဝမ်းကို မဖောက်ရာ၊ ပြည့်ဦးကင်းကို မနှိမ်ရာ၊ ပြည့်တံခွန်ကိုလည်း မချိုးရာ၊ ပြည့်မျက်နှာကိုလည်း မဖျက်ရာ၊ ပြည့်ခြေ ပြည့်လက်ကိုလည်း မဖြတ်ရာဟု အထက်က လျှောက်ပါသည်ကို ယူတော်မမူ။ ယခု ပြည်ရွာစည်ပင်မည့် အရေးသည် အလွန်ခဲလှသည်"ဟု နားတော် လျှောက်ပေ၏။*

မျက်စိ အတန်ငယ် ညောင်းလာသဖြင့် စာအုပ်ကို ပိတ်လိုက်သည်။ မလှမ်းမကမ်း သရက်ပင်ကြီးအောက်မှာတော့ သစ်ကိုင်းခြောက်များ မီးရှို့ထား၍ မီးခိုးငွေ့က တလူလူ။ တဖွဲဖွဲ ကျဆင်းဆဲဖြစ်သော နှင်းမှုန်များကြားမှာ မီးခိုးငွေ့များ လူးလွန့်နေကြသည်။

ထိုင်လက်စ ပက်လက်ကုလားထိုင်မှ ထပြီး ခါးဆန့် အညောင်းဖြေရင်း ဝရန်တာ လက်ရန်းလေးမှာ လက်ထောက် ငေးမောနေမိသည်။ ဟိုအဝေး တောင်ထွတ်လေးပေါ်မှ စေတီလေးတစ်ဆူဆီ လှမ်းမျှော်မိပါမှ အဓိပ္ပာယ် ဖော်လက်စ ပုဂံခေတ် ကျောက်စာလေးတစ်ချပ်ဆီ အာရုံရောက်သွားသည်။ အား... စာလုံးတွေကို တူးဆွရဦးမှာပါကလား။

တကယ်တော့ သည်ကျောက်စာကလည်း ယခု လှမ်းမြင်ဖူးတွေ့နေရသည့် စေတီလေး ပရဝဏ်အား ရှင်းလင်းကြရင်းမှ တွေ့ရှိခဲ့သည်ဟု ဘန်ဂလိုစောင့်ကြီးက စာရေးဆရာအား ပြောပြထားဖူးသည်။ ကျောက်စာပါ စာလုံးတွေမှာ စာရေးဆရာ၏ မှန်ဘီလူးအောက်တွင်မှ သင်္ချိုင်း ကမ္ပည်းစာမှန်း သိကြရတော့သည်။

"ကျူးကျော်သူ မွန်ဂိုတာတာတို့အား ခုခံရင်း ကျဆုံးခဲ့သည့် လက်ာဆရာလေး ငလုံမာအား မြှုပ်နှံသင်္ဂြိုဟ်ရာ" ဟူသော ခေါင်းစီးလေး

ကြောင့် စာရေးဆရာသည် ကျောက်စာပဟေဠိအား ပိုမို စိတ်ဝင်စားလာတော့သည်။ ဆက်လက်၍ အဓိပ္ပာယ် ဖော်ပြီးသလောက် ကမ္ပည်းစာပါ စာသားလေးတွေကိုတော့ အထပ်ထပ် ဖတ်ရလွန်း၍ အလွတ်ရနေပြီ။ ဘာတဲ့–

*... သူကား တံငါသည်*
*သို့သော်...*
*မုရင်းစပါး စိုက်ပျိုးကာ*
*ကျွဲနွားများကို ကျေးဇူးတုံ့ပြန်သူ*
*... သူကား တံငါသည်*
*သို့သော်...*
*ပင်လယ်လိပ်နှင့် မိကျောင်းများအား*
*အစာကျွေးသူ မဟုတ်...*
*... သူကား တံငါသည်*
*သို့သော်...*
*ရင်တွင်းခံစားရသမျှကို ဖွင့်အန်*
*တေးသီချင်း တဘောင်သံကို နားထောင်*
*တောင်တန်းများကို ကာကွယ်သူ...*
*သူကား...*
*............*
*............။*

ထိုနေ့ညမှာတော့ စာရေးဆရာလေးသည် ဝတ္ထုတိုတစ်ပုဒ်ကို ရေးမိလျက်သား ဖြစ်နေမိတော့သည်။

ရင်ခုန်ပွင့်မဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၃။

❐



# ဆူးငှက်

## တစ်ဝက်မန်ကျည်းပင်

ဝတ္ထုတို ၅ ပုဒ်

တစ်ဝက်မန်ကျည်းပင်
မီးသင့်အသိုက်
ဘဲငန်းကိစ္စ
မတိုင်မီ
ငါးတို့ပျော်ရာ တောင်သေလာ

SHS0016
1,000.00 KS